# ကြေးမုံ

The Mirror Daily

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

e - paper ဖတ်ရှုရန်


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁ ရက် ဗုဒ္ဓဟူးနေ့။ Wednesday, 15 July 2026 ၁၂၂၄၀


## ယနေ့ ဖတ်စရာ


**နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီ(၁/၂၀၂၆-၂၀၂၇) အစည်းအဝေး ကျင်းပ**

စာမျက်နှာ » ၄

**တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကျင်းပ**

စာမျက်နှာ » ၅

**အဆင့်မြင့်ပညာကဏ္ဍ သင်ကြား၊ သင်ယူမှု စနစ်သုံးသပ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ**

စာမျက်နှာ » ၁၁


# ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်း သက်ငယ်သင်တန်းကျောင်း၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးစင်တာနှင့် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းတို့အား ကြည့်ရှုစစ်ဆေး



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစင်တာရှိ စက်ချုပ်ခန်း၌ လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဇူလိုင် ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးသည် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါ်စန်းစန်းနွယ်၊ ဒေါက်တာသန့်ဇော်လွင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း၊ မသန်စွမ်းကလေးများပြုစုစောင့်ရှောက်ရေးဂေဟာ၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစင်တာ၊ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းနှင့် အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

နံနက်ပိုင်းတွင် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးနှင့်အဖွဲ့သည် မရမ်းကုန်းမြို့နယ်ရှိ မသန်စွမ်းသက်ငယ်သင်တန်းကျောင်းသို့ ရောက်ရှိကြရာ


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆




## ပုဗ္ဗသီရိမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ စာဖတ်ရှုနှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

နေပြည်တော် ဇူလိုင် ၁၄

"စာဖတ်ရှုနှိန်မြှင့်တင်ရေးပွဲတော်"ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၃ သို့ ✪


## ငါးဖမ်းရာသီ ပြန်လည်ဖွင့်လှစ်ချိန်တွင် ငါး၊ ပုစွန် အထိအမိကောင်းမွန်မှုကြောင့် စားသုံးသူများ ဈေးနှုန်းသင့်တင့်စွာ ဝယ်ယူရရှိ

ရန်ကုန် ဇူလိုင် ၁၄

မြန်မာ့ပင်လယ်ပြင်၌ ငါးဖမ်းရာသီ ပြန်လည်ဖွင့်လှစ်ချိန်တွင် ရန်ကုန်တိုင်းဒေသကြီးမှ ငါးဖမ်းစက်လှေများသည် ငါး၊ ပုစွန်ဖမ်းဆီးရာ၌ အထိအမိကောင်းမွန်မှုကြောင့် စားသုံးသူပြည်သူများ ဈေးနှုန်းသင့်တင့်စွာ ဝယ်ယူရရှိလျက်ရှိကြောင်း ရန်ကုန်မြို့ ကြည့်မြင်တိုင် ငါးချဆိပ်ကမ်းမှ သိရသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍




**ဝါစိုက်ပျိုးမှုမှသည် အထည်အလိပ် စက်မှုလုပ်ငန်းဆီသို့**


ဆောင်းပါး စာမျက်နှာ » ၆


## ဝါစိုက်တောင်သူများနှင့် ဝါမျိုးစေ့ထုတ်ရောင်းချသူများ လိုက်နာရန် သတိပေးထုတ်ပြန်ခြင်း


အထွက်နှုန်းကောင်းပြီး အရည်အသွေးမီသည့် နိုင်ငံခြားစပ်မျိုးဝါ စိုက်ပျိုးသူတောင်သူများအတွက် စပ်မျိုး ဝါမျိုးစေ့များရောင်းချရာတွင် စပ်မျိုး F1 အဆင့်မျိုးစေ့ကိုသာ ဖြန့်ဖြူးရောင်းချရမည်ဖြစ်ပြီး ၎င်းစပ်မျိုး F1 ကို စိုက်ပျိုး၍ ရရှိလာသော F2 အဆင့် မျိုးစေ့များကို ဖြန့်ဖြူးရောင်းချခြင်းမပြုရန် ညွှန်ကြားချက်ကို ဝါမျိုးစေ့ထုတ်ရောင်းချသူများ သိရှိပြီးဖြစ်ပါသည်။ ထို့အတူ ၎င်းစပ်မျိုးဝါ F2 မျိုးစေ့များကို တောင်သူများက အသုံးပြုထပ်မံစိုက်ပျိုးခြင်းမပြုရန်၊ ဝါစိုက်တောင်သူများအား အသိပညာပေး ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါသည်။

၎င်းအပြင် စပ်မျိုးဝါ F2 မျိုးများကို အသုံးပြုစိုက်ပျိုးပါက အောင်မြင်ဖြစ်ထွန်းမှုမရှိသည်ကို သိရှိထားပြီး မျိုးစေ့ဥပဒေ(၂၀၁၅)တွင်လည်း မှတ်ပုံတင်ထားခြင်းမရှိသော မျိုးစေ့များရောင်းချခြင်းမပြုရန် သတ်မှတ်ပြဋ္ဌာန်းထားပါသည်။

သို့ဖြစ်ပါ၍ ဝါမျိုးစေ့ထုတ် ရောင်းချသူများနှင့် ဝါစိုက်တောင်သူများသည် စပ်မျိုးဝါ F2 မျိုးစေ့များအား ဖြန့်ဖြူးရောင်းချခြင်း၊ အသုံးပြုစိုက်ပျိုးခြင်း မပြုပါရန် သတိပေးထုတ်ပြန်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## မုတ်သုံလေအားကောင်းနေခြင်းကြောင့် ယနေ့နံနက်မှ ဇူလိုင် ၂၀ ရက်အတွင်း နေရာကွက်၍ မိုးကြီးနိုင်




ယနေ့နံနက်မှ ၁၆-၇-၂၀၂၆ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ

နေပြည်တော် ဇူလိုင် ၁၄

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့် ယနေ့နံနက်မှ ဇူလိုင် ၂၀ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား


စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳

ကြေးမုံ

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားရေးတာဝန်ဖြင့်ဆောင်ရွက်

ယခုနှစ်ကုန်ပိုင်းတွင် အလွန်အားကောင်းသည့် အယ်လ်နီညိုအဆင့်အထိ ရောက်ရှိလာနိုင်သည်ဟု မိုးလေဝသဌာနများက ခန့်မှန်းထားသည်။ ၂၀၂၆ ခုနှစ်နှင့် ၂၀၂၇ ခုနှစ်တို့သည် ကမ္ဘာ့သမိုင်းတစ်လျှောက်၌ အပူဆုံးနှစ်ဖြစ်လာမည်ဟုလည်း ခန့်မှန်းထားကြသည်။ ရာသီဥတုပြောင်းလဲမှုနှင့် အယ်လ်နီညိုဖြစ်စဉ်များကြောင့် မိုးခေါင်ရေရှားခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း၊ တောမီးလောင်ခြင်းများ ဖြစ်ပေါ်လာနိုင်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ စီးပွားရေး စသည့်ကဏ္ဍများ၌ ဆိုးကျိုးသက်ရောက်မှုများရှိလာနိုင်သည့်အတွက် နိုင်ငံတော်သမ္မတက အဘက်ဘက်မှ ကြိုတင်ပြင်ဆင်ထားရန် အသိပေးထားသည်။

ရာသီဥတုကို အန်တုနိုင်ရန်အတွက် သဘာဝပတ်ဝန်းကျင်ကောင်းမွန်ရေးသည် အလွန်အရေးကြီးသည်။ မြန်မာနိုင်ငံသည် သစ်ပင်သစ်တောများ၊ မြစ်ချောင်းအင်းအိုင်များ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝအရင်းအမြစ်များ ပေါများကြွယ်ဝသည့် နိုင်ငံဖြစ်သည်။ သို့သော် နေရာဒေသ၊ ရေမြေ၊ ရာသီဥတုအပေါ်မူတည်ပြီး ဒေသတစ်ခုနှင့်တစ်ခု သစ်တောဖုံးလွှမ်းမှုကွာခြားသည်ကို တွေ့ရသည်။ အထူးသဖြင့် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသ ၁၃ ခရိုင်သည် ပူပြင်းခြောက်သွေ့ပြီး သစ်တောသစ်ပင်နည်းပါးသည်။ မြန်မာနိုင်ငံတွင် ၂၀၂၅ ခုနှစ် ဆန်းစစ်လေ့လာမှုများအရ သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၁၅ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။ သစ်တောသစ်ပင်ကျဲပါးသောကြောင့် မြန်မာနိုင်ငံအလယ်ပိုင်း မြေလတ်ဒေသသည် ကမ္ဘာ့အပူချိန် အမြင့်မားဆုံးစာရင်းဝင်နေသည်ကို တွေ့ရသည်။

၂၀၂၄ ခုနှစ်တွင် ချောက်မြို့သည် ၄၈ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ်အထိ စံချိန်တင်မြင့်တက်ခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် ၄၅ ဒသမ ၃ ဒီဂရီဆဲလ်စီးယပ်၊ ယခုနှစ်တွင် ၄၄ ဒသမ ၉ ဒီဂရီဆဲလ်စီးယပ်ရှိကြောင်းသိရသည်။ မြေလတ်ဒေသမြို့ကြီး ၁၂ မြို့တွင် ၄၁ ဒီဂရီဆဲလ်စီးယပ်နှင့်အထက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက နှစ်စဉ်နွေရာသီ၌ အပူရှောင်စခန်းများဖွင့်လှစ်ပြီး သက်ကြီးရွယ်အိုများကို အပူဒဏ်မှ သက်သာစွာ နားနေစေနိုင်ရေး ဆောင်ရွက်ပေးခဲ့သည်။ အချို့မြို့များတွင်ဆိုပါက သဲကန္တာရဖြစ်ထွန်းမှုအန္တရာယ်များဖြစ်နိုင်သည့် လက္ခဏာများရှိသဖြင့် မိုးရွာသွန်းမှုပုံစံမမှန်ခြင်း၊ မိုးရွာသွန်းမှု အကြိမ်ရေနည်းပါးခြင်း၊ အပူချိန်အတက်အကျလွန်ကဲခြင်း၊ အပေါ်ယံမြေဆီလွှာတိုက်စားခြင်းစသည်တို့ကို ရင်ဆိုင်နေရသည်။ အပင်များ သဘာဝအတိုင်း ပေါက်ရောက်မှုမရှိတော့ဘဲ စိုက်ပျိုးရန်ခက်ခဲသောမြေများ၊ ကျောက်ကုန်းများ၊ သဲမြေများအဖြစ် ပြောင်းလဲသွားသည့်ဖြစ်စဉ်များ တွေ့ရသည်။

ထို့ကြောင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို နိုင်ငံတော်အဆင့် အရှိန်အဟုန်မြှင့်တင်ပြီး အမျိုးသားရေးအသွင်ဖြင့် အလေးထားဆောင်ရွက်လျက်ရှိသည်။ ယခုအခါ အဆိုပါဒေသများသို့ နိုင်ငံတော်သမ္မတကိုယ်တိုင် ကွင်းဆင်းသွားရောက်ပြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိရာ အကျိုးရလဒ်များကို ဒေသခံပြည်သူများ ပထမဆုံးခံစားကြရမည်ဖြစ်သည်။ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောသစ်ပင်များ ထိန်းသိမ်းခြင်းသည် ပူပြင်းသည့် ရာသီဥတုဒဏ်ကို လျော့ပါးသက်သာစေရန် ကောင်းမွန်သည့် ဆောင်ရွက်ချက်ဖြစ်သည်။ သစ်ပင်များစိုက်ပျိုးခြင်းကြောင့် အရိပ်အာဝါသကောင်းများ ရရှိလာပြီး အပူရှိန်လျော့ပါးလာခြင်း၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာပြီး မျက်စိပသာဒဖြစ်စေခြင်း၊ လူအများ စိတ်နှလုံးအေးမြစေခြင်း၊ ကျေးငှက်တိရစ္ဆာန်များ နားခိုနိုင်ခြင်းစသည့် အကျိုးကျေးဇူးများစွာ ရရှိမည်ဖြစ်သည်။

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်စိုက်ပျိုးခြင်းနှင့် သစ်တောထိန်းသိမ်းခြင်းတို့ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသော်လည်း လူဦးရေတိုးပွားလာမှုနှင့်အတူ သစ်၊ ထင်း၊ ဝါးလိုအပ်ချက်များ မြင့်မားလာခြင်း၊ ကျေးရွာများ၊ စိုက်ပျိုးမြေများနှင့် မြို့ပြများ ချဲ့ထွင်လာခြင်း၊ သစ်တောများကို အခြားမြေအသုံးချမှုအဖြစ် ပြောင်းလဲလာခြင်း၊ တောမီးလောင်ကျွမ်းခြင်း၊ တိရစ္ဆာန်များ၏ ဖျက်ဆီးခြင်းစသည့်အကြောင်းများကြောင့် သစ်တောစိုက်ခင်းများ ပျက်စီးဆုံးရှုံးနေသည်ကို တွေ့ရသည်။ အကျိုးဆက်အနေဖြင့် ပူပြင်းခြောက်သွေ့ပြီး ပြင်းထန်သည့် ရာသီဥတုသဘာဝဘေးအန္တရာယ်တို့ကို ခံစားလာကြရသည်။ အထူးသဖြင့် ယခုဖြစ်ပေါ်နေသော အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရာသီဥတုဒဏ်ကို အပြင်းအထန်ခံစားရမည့် အခြေအနေများရှိနေသည်။

သို့ဖြစ်ရာ သစ်တောသစ်ပင် စိုက်ပျိုးထိန်းသိမ်းခြင်းသည် ဘက်စုံအကျိုးကျေးဇူးများရရှိနိုင်သကဲ့သို့ နိုင်ငံ၏ ကောင်းမွန်သောအနာဂတ်ကို တည်ဆောက်ခြင်းဖြစ်သဖြင့် "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစို့" ဆောင်ပုဒ်နှင့်အညီ အပူပိုင်းဒေသ ၁၃ ခရိုင် အပါအဝင် နိုင်ငံတစ်ဝန်း သစ်တောစိုက်ပျိုးထိန်းသိမ်းရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

# မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ အခြေခံကျန်းမာရေးတက္ကသိုလ် (မကွေး) ပါမောက္ခချုပ် ဒေါက်တာထွန်းတင်ကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(ကုသရေး) ဒေါက်တာမိုးခိုင်ကို ကုသရေးဦးစီးဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပါမောက္ခချုပ် (ဆေးရုံအုပ်ကြီး/ကုသရေး)အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# သံအမတ်ကြီး ဦးမင်းသိမ်းအား ကူဝိတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

နေပြည်တော် ဇူလိုင် ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဩစတြီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် ဗီယင်နာမြို့အခြေစိုက် ကုလသမဂ္ဂနှင့်နိုင်ငံတကာအဖွဲ့အစည်းများဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးမင်းသိမ်းအား ကူဝိတ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။

သတင်းစဉ်

# ကျိုက်ထိုမြို့နယ်၌ စက္ကူစက်ငွေစုငွေချေး သမဝါယမ အသင်းလီမိတက်၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

ကျိုက်ထို ဇူလိုင် ၁၄

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်မြို့တွင် စက္ကူစက်ငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် ဆုချီးမြှင့်ပွဲကို ဇူလိုင် ၁၂ ရက် နံနက်ပိုင်းက သိမ်ဇရပ်မြို့ စက္ကူစက်အသင်းရုံး၌ ကျင်းပသည်။

ဦးစွာ စက္ကူစက်(စု/ချေး)အသင်း ဥက္ကဋ္ဌ(သဘာပတိ) ဦးအောင်ရဲနိုင်က အမှာစကားပြောကြားသည်။

ထို့နောက် စက္ကူစက်(စု/ချေး) သမဝါယမအသင်းလီမိတက် အသင်းသားအသင်းသူများ၏ သားသမီးများမှ Grade-12 ထူးချွန်စွာ အောင်မြင်သူများအား ဆုချီးမြှင့်ပြီး အသင်း၏ အမှုဆောင်အဖွဲ့အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်း၊ အမြတ်ခွဲဝေစာရင်းနှင့် အသင်းသားစာရင်းစစ်အဖွဲ့အစီရင်ခံစာများကို ဖတ်ကြားတင်ပြသည်။ သဘာပတိ ဦးအောင်ရဲနိုင်က တက်ရောက်လာသော အသင်းသားများထံမှ အတည်ပြုချက်ရယူကာ အမှုဆောင်အဖွဲ့အား ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။

ကျိုက်ထို(ပြန်/ဆက်)

# ၁၄ - ၇ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၆၉၅၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၄ - ၇ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၇,၅၀၀ | ၁၈,၀၀၀ | ၁,၂၆၅ | ၂၂,၃၃၄,၀၀၀ |
| MTSH | ၈,၈၀၀ | ၈,၄၀၀ | ၇,၇၆၇ | ၆၅,၂၃၇,၆၀၀ |
| MCB | ၁၄,၀၀၀ | ၁၃,၅၀၀ | ၂၅၈ | ၃,၆၀၇,၀၀၀ |
| FPB | ၇,၀၀၀ | ၆,၉၀၀ | ၁,၆၅၆ | ၁၁,၅၃၂,၃၀၀ |
| TMH | ၃,၈၀၀ | ၃,၈၀၀ | ၅၂ | ၁၉၇,၆၀၀ |
| EFR | ၁,၉၅၀ | ၁,၉၅၀ | ၁,၉၈၆ | ၃,၈၇၂,၇၅၀ |
| AMATA | ၃,၉၅၀ | ၄,၀၀၀ | ၂၉၂ | ၁,၁၃၃,၅၀၀ |
| MAEX | ၆,၃၀၀ | ၆,၂၀၀ | ၁,၀၁၃ | ၆,၃၄၆,၀၀၀ |
| MADPL(PLB) | ၆,၅၀၀ | ၆,၁၀၀ | ၃၆၃ | ၂,၂၁၈,၁၀၀ |
| ASPGB(PLB) | ၇၀,၀၀၀ | ၆၉,၀၀၀ | ၁,၂၀၃ | ၈၃,၇၈၃,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

အစည်းအဝေးခန်းမ၌ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က မသန်စွမ်းသက်ငယ်သင်တန်းကျောင်းနှင့် မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေးဂေဟာတို့၏ နောက်ခံသမိုင်း၊ ရည်ရွယ်ချက်၊ ဝန်ထမ်းအင်အား၊ ဝင်ဆံ့အင်အားနှင့် လက်ခံစောင့်ရှောက်ထားရှိမှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကလေးများအသိပညာ အတတ်ပညာဖွံ့ဖြိုးစေရေး လေ့ကျင့်သင်ကြားနေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ချီးမြှင့်ငွေများပေးအပ်ရာ ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် သင်တန်းကျောင်းနှင့် ဂေဟာအတွင်းရှိ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများ ဆောင်ရွက်နေမှု၊ အသက်အရွယ်အပိုင်းအခြားအလိုက် စာသင်ခန်းများ၌ သင်ကြားလေ့ကျင့်နေမှု၊ မသန်စွမ်းကလေးငယ်များအား ပြုစုစောင့်ရှောက်ပေးနေမှု၊ ဂေဟာအတွင်းရှိကလေးများ လေ့ကျင့်ဆောင်ရွက်နေသော မေတ္တာစံအိမ် Coffee Shop၊ သင်တန်းကျောင်းအိပ်ဆောင်များနှင့် ထမင်းစားဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မသန်စွမ်းကလေးငယ်များကို ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နှုတ်ဆက်အားပေးကာ အသက်အရွယ်နှင့်မသန်စွမ်းမှု အမျိုးအစားအလိုက် သင့်လျော်သည့် သင်ကြားရေးအစီအစဉ်များကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အာဟာရပြည့်ဝရေး ဆောင်ရွက်ရန်၊ စိတ်ပိုင်းဆိုင်ရာ အားပေးကူညီမှုနှင့် လုံခြုံဘေးကင်းသော သင်ယူမှုပတ်ဝန်းကျင်ဖန်တီးပေးရန်နှင့် မိဘအုပ်ထိန်းသူများနှင့် ပူးပေါင်းဆောင်ရွက်လျက် မသန်စွမ်းကလေးငယ်များ၏ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားသည်။



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး မသန်စွမ်းသက်ငယ်သင်တန်းကျောင်းနှင့် မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေးဂေဟာရှိ မသန်စွမ်းကလေးငယ်များကို ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နှုတ်ဆက်အားပေးစဉ်။

မသန်စွမ်းသက်ငယ် သင်တန်းကျောင်းကို ကလေးငယ်များ အမှီအခိုကင်းစွာ လူမှုဘဝအတွင်း ရပ်တည်နိုင်စေရေးအတွက် ၁၉၇၁ ခုနှစ် အောက်တိုဘာ ၆ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယခုနှစ်တွင် အသက်အရွယ်အပိုင်းအခြားအလိုက် မသန်းစွမ်းကလေးငယ် ၂၅၀ ကို ပြုစုပျိုးထောင်သင်ကြား လေ့ကျင့်ပေးလျက်ရှိသည်။

ထို့မှတစ်ဆင့် ကမာရွတ်မြို့နယ်ရှိ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစင်တာသို့ ရောက်ရှိကြပြီး အစည်းအဝေးခန်းမ၌ စင်တာတာဝန်ခံက ကျောင်းတွင်း လုပ်ငန်းများနှင့် ပြင်ပလုပ်ငန်းများတွင် အလုပ်အကိုင်များ နေရာချထားပေးမှုအခြေအနေ၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်သင်ကြားနေမှုအခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် အခြေအနေများ၊ စင်တာ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး၍ ချီးမြှင့်ငွေများပေးအပ်ရာ ဒုတိယဝန်ကြီး ဒေါ်စန်းစန်းနွယ်က လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် စင်တာအတွင်းရှိ ရက်ကန်းအလုပ်ရုံနှင့် စက်ချုပ်ခန်းတို့၌ လုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်နေမှု၊ အရောင်းဆိုင်တွင် လက်မှုချည်ထည်အသုံးဆောင်ပစ္စည်းများ ရောင်းချပေးနေမှုနှင့် စင်တာအိပ်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်က ချမှတ်ထားသည့် အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေး မူဝါဒများနှင့်အညီ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်ရန်မှာကြားကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဗဟန်းမြို့နယ်ရှိ အမျိုးသမီးသက်မွေး အတတ်ပညာသင်ကျောင်းသို့ရောက်ရှိကြပြီး အဆိုပါကျောင်းရှိ အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီးက ကျောင်း၏ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး ချီးမြှင့်ငွေများပေးအပ်ကာ ကျောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗဟန်းမြို့နယ်ရှိ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းသို့ ရောက်ရှိပြီး ကျောင်းဝင်းအတွင်း သင်ကြားပေးလျက်ရှိသည့် မိန်းမဝတ်အခြေခံ/အဆင့်မြင့် စက်ချုပ်သင်တန်း၊ အိမ်တွင်းစီမံခန့်ခွဲမှုသင်တန်း၊ ပန်းအလှပြင်သင်တန်း၊ ပလတ်စတစ်ခြင်းထိုးသင်တန်း၊ မုန့်မျိုးစုံပြုလုပ်သည့်သင်တန်းတို့၌ သင်ကြားလေ့ကျင့်နေမှု အခြေအနေနှင့် စံပြရင်သွေးအိမ် မူကြိုကျောင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား သင်တန်းများကို ခေတ်နှင့်အညီ လက်တွေ့ကျွမ်းကျင်မှုကို အလေးထားသင်ကြားပေးရန်၊ အလုပ်အကိုင်ရရှိရေးနှင့် ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ထူထောင်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ၊ ပုဂ္ဂလိကကဏ္ဍများနှင့် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ရန်နှင့် အမျိုးသမီးများအား အလုပ်အကိုင် အခွင့်အလမ်းများရရှိစေနိုင်သည့် ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသော သက်မွေးအတတ်ပညာများကို ထိရောက်စွာသင်ကြားပေးရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

○ ငါးဖမ်းရာသီမှ

"ဒီနေ့ဆိုရင် ဆိပ်ကမ်းကို ငါးစက်လှေ ဝင်ရောက်တာ ခြောက်ကြိမ်ရှိပါပြီ။ ငါးဖမ်းရာသီစဖွင့်ချိန်မှာ အထိအမိကောင်းပြီး ငါး၊ ပုစွန် ဝင်ရောက်မှုများတဲ့အတွက် ဈေးကျတယ်။ စားသုံးသူတွေ ဈေးနှုန်းသင့်တင့်စွာ ဝယ်ယူနိုင်တယ်။ ပင်လယ်ပြင်မှာ ငါးကြီးရရှိမှု နည်းနေတဲ့အတွက် ပြည်ပပို့ကုန်တော့ နည်းနေပါသေးတယ်"ဟု ကြည့်မြင်တိုင် ငါးချဆိပ်ကမ်းမှ ရေငန်ထွက်ကုန်လုပ်ငန်းရှင် ဒေါ်တင်နွယ်က ပြောသည်။

ငါးဖမ်းစက်လှေများအနေဖြင့် ပင်လယ်ပြင်သို့ ဇွန် ၁၅ ရက်တွင် စတင်ထွက်ခွာကြပြီး ရန်ကုန်မြို့ရှိ ငါးချဆိပ်ကမ်းများသို့ ရေထွက်ကုန်များ ဇူလိုင် ၁ ရက်တွင် စတင်ဝင်ရောက်မှုရှိကြောင်း အဆိုပါ ဆိပ်ကမ်းမှ သိရသည်။ "ဧပြီလကနေ ဇွန်လအထိ သုံးလပိတ်ထားပေမယ့် ရေလုပ်သားတွေရဲ့ အခက်အခဲကြောင့် ဇွန် ၁၅ ရက်မှာ ငါးဖမ်းရာသီ ပြန်ဖွင့်ပါတယ်။ မုန်တိုင်းရှိနေတော့ ရန်ကုန်တိုင်းဒေသကြီးက ငါးဖမ်းစက်လှေ ၁၀၀၀ လောက်မှာ ၃၀၀ လောက်ပဲ ထွက်နိုင်ပါသေးတယ်"ဟု ငါးဖမ်းရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေးဌာနခွဲ(ရန်ကုန်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းတင်က ပြောသည်။

ဆိပ်ကမ်းသို့ ရွှေငါး၊ ငါးခေါင်းပွ၊ ငါးပလွေ၊ မီးလုံး၊ ပလာတူး၊ ငါးနှပ်၊ ငါးတံခွန်၊ ကုလားငှူ၊ ငါးရောင်၊ လက်ဝါး၊ ခေးမတိုး၊ ပွဂျွန်၊ ဆီပလွေနှင့် အခြားငါးအသေးများ အများဆုံးဝင်ရောက်ပြီး ငါးရွှေ ခုံး၊ သင်ဝါ၊ ငါးကွမ်းရုပ်၊ ငါးမုတ်အဖြူ စသည့် ပြည်ပပို့ကုန် ရေထွက်ကုန်အနည်းငယ်သာ ဝင်ရောက်မှုရှိကြောင်း သိရသည်။

**သစ္စာ(MNA)၊ ဓာတ်ပုံ-ဇွဲမာန်**

## မိတ္ထီလာမြို့၌ ခရိုင်အဆင့်ရှာဖွေကယ်ဆယ်ရေးသင်တန်းဖွင့်

မိတ္ထီလာ ဇူလိုင် ၁၄

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့၌ ခရိုင်အဆင့်ရှာဖွေကယ်ဆယ်ရေး သင်တန်းအမှတ်(၁/၂၀၂၆)ဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက ခရိုင်မီးသတ်ဦးစီးမှူးရုံး ခန်းမတွင် ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး စန်းနိုင်ထွန်းက သင်တန်းဖွင့် အမှာစကားပြောကြားသည်။

ထို့နောက်ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းကရှာဖွေကယ်ဆယ်ရေး လုပ်ငန်းသုံး စက်ကိရိယာပစ္စည်းများနှင့် ခေတ်မီရှာဖွေကယ်ဆယ်ရေး ယာဉ်များ ခင်းကျင်းပြသထားမှုကို လိုက်လံရှင်းလင်းပြသရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအတွင်းရေးမှူး ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် ကော်မတီဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။



**ချမ်းသာ(မိတ္ထီလာ)**

❂ ပုဗ္ဗသီရိမှ

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် နေပြည်တော် ကောင်စီဝင်များက ပွဲတော်ကို ဖွင့်လှစ်ပေးပြီး ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ ပါဝင်ယှဉ်ပြိုင်နေကြသည့် ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများကို လှည့်လည်ကြည့်ရှုအားပေးကာ ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ထူးချွန်ဆုများနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ကြသည်။

ထို့နောက်နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးတို့က အမှာစကား ပြောကြားကြပြီး ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေများပေးအပ်ကာ ပွဲတော်အတွင်း ခင်းကျင်းပြသထားသည့် အသိပညာပေး နံရံကပ်စာစောင်များနှင့် သုတ၊ ရသ စာအုပ်၊ စာစောင်များကို ကြည့်ရှုအားပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ MSME လုပ်ငန်းရှင်များနှင့်တွေ့ဆုံ အမှာစကားပြောကြားပြီး MSME ထုတ်ကုန်များကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သျှင်ဦးမောင်(ဒက္ခိဏ)**


✳ မုတ်သုံလေမှ

မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။


မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေခြင်းကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။









၁၇-၇-၂၀၂၆ ရက်နေ့မှ ၂၀-၇-၂၀၂၆ ရက်နေ့အတွင်း
မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ

**မိုး/ဇလ**

# ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ မြန်မာနိုင်ငံခရစ်ယာန်ဂိုဏ်းပေါင်းစုံ ငြိမ်းချမ်းရေးအထောက်အကူပြုဗဟိုကော်မတီမှ ဗဟိုကော်မတီဝင် သိက္ခာတော်ရဆရာ ဒေါက်တာမောရစ်လျှန်နာနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၄**

ပြည်ထောင်စု လွှတ်တော်နာယက ဦးအောင်လင်းဒွေးနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီတို့သည် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဋ္ဌမမြောက်နေ့သို့ တက်ရောက်လေ့လာသည့် မြန်မာနိုင်ငံခရစ်ယာန်ဂိုဏ်းပေါင်းစုံ ငြိမ်းချမ်းရေးအထောက်အကူပြုဗဟိုကော်မတီမှ ဗဟိုကော်မတီဝင် သိက္ခာတော်ရဆရာဒေါက်တာမောရစ်လျှန်နာနှင့် တွဲဖက်အတွင်းရေးမှူး(၁) သိက္ခာတော်ရဆရာ ဦးစောချစ်မျိုးတို့ ဦးဆောင်သည့်အဖွဲ့အား လွှတ်တော်အစည်းအဝေး ပြီးဆုံးချိန်တွင် ပြည်ထောင်စုလွှတ်တော် (D-ဆောင်)၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် သိက္ခာတော်ရဆရာ ဦးစောချစ်မျိုးက သာသနာရေးဆိုင်ရာကိစ္စရပ်များ၊ ငြိမ်းချမ်းရေးအတွက် ခရစ်ယာန်ဂိုဏ်းပေါင်းစုံမှ ကူညီဆောင်ရွက်နေမှုများ၊ မြန်မာပြည်ငြိမ်းချမ်းရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ငြိမ်းချမ်းရေးဆုတောင်းပွဲများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတို့က ငြိမ်းချမ်းရေးအတွက် မြန်မာနိုင်ငံခရစ်ယာန်ဂိုဏ်းပေါင်းစုံ ငြိမ်းချမ်းရေးအထောက်အကူပြုဗဟိုကော်မတီ၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ကျေးဇူးတင်ရှိကြောင်း၊ ငြိမ်းချမ်းမှုရှိမှသာလျှင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်မှငြိမ်းချမ်းရေးအတွက် လက်ရှိဆောင်ရွက်နေမှု အခြေအနေများကို ပြန်လည်ရှင်းလင်းပြောကြားသည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံခရစ်ယာန်ဂိုဏ်းပေါင်းစုံ ငြိမ်းချမ်းရေးအထောက်အကူပြု



ဗဟိုကော်မတီဝင်များက ပြည်ထောင်စုလွှတ်တော်နာယကနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတို့အား အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ (၁/၂၀၂၆-၂၀၂၇) အစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၄**

နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီ ညှိနှိုင်း အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၆-၂၀၂၇)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ရုံးအမှတ်(၂၆)၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာကံဇော်၊ ဦးမင်းနောင်၊ ဦးမျိုးဇော်သိမ်း၊ ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးမင်းမင်း၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးသန့်အစီအစဉ်ဖြင့် ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က စိုက်ပျိုးရေးနှင့် မွေးမြူရေးစီမံကိန်းများ၊ ပြည်ပသို့တင်ပို့မည့် ဆန်စပါး စိုက်ပျိုးရေးဇုန် (Rice Export Zone) စီမံချက် အကောင်အထည်ဖော် ဆောင်ရွက်မှုကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက မိုးစပါး၊ နွေစပါး၊ ဆောင်းသီးနှံနှင့် ဝါသီးနှံ စိုက်ပျိုးမှုများ အကောင်အထည်ဖော် ဆောင်ရွက်မှုကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းက တိုင်းဒေသကြီး၊ ပြည်နယ်များသို့ MSME ဖွံ့ဖြိုးရေးချေးငွေနှင့် ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေ ထုတ်ချေးထားမှုကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးမင်းမင်းက စိုက်ပျိုးရေးနှင့် မွေးမြူရေး ပို့ကုန်ဆောင်ရွက်မှုနှင့် သွင်းအားစု အခြေအနေများကို လည်းကောင်း ဆွေးနွေးပြောကြားကြသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူးက (၃/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြကာ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေများ ထပ်မံထုတ်ချေးပေးရန်နှင့် ချေးငွေသက်တမ်းတိုးမြှင့်ပေးရန် တင်ပြမှုများအပေါ် ကော်မတီ အဖွဲ့ဝင်များနှင့် တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီ အနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် လက်တွဲပူးပေါင်းပြီး နိုင်ငံတော်မှ ထောက်ပံ့ပေးသော နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများကို အကျိုးရှိရှိနှင့် ထိရောက်စွာသုံးစွဲနိုင်ရေး စနစ်တကျ ကြီးကြပ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**




# ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင် သက်မွေးပညာသင်တန်းများ သင်တန်းဆင်းပွဲတက်ရောက်

**တောင်ကြီး ဇူလိုင် ၁၄**

တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် သက်မွေးပညာသင်တန်းများဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့နယ် အေးသာယာမြို့ရှိ ရှမ်းပြည်နယ်တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ဒုတိယဝန်ကြီး ဦးစိုင်းထွန်းညို၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်း ဆင်းပွဲတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က အမှာစကား ပြောကြားကြပြီး ဒုတိယဝန်ကြီး၊ ပြည်နယ်ဝန်ကြီးများနှင့် အတူ သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်နှင့် ထောက်ပံ့ပစ္စည်းများ၊ သင်တန်းဆရာ ဆရာမများအား ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ သင်တန်းသား သင်တန်းသူများ၏ ရိုးရာအဝတ်အထည်များ၊ မုန့်မျိုးစုံနှင့် လူသုံးကုန်ပစ္စည်းများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အောင်လံမြို့နယ် သံရွာကျေးရွာအုပ်စု၌ မိုးပဲတီစိမ်း ပန်းတိုင်အထွက်နှုန်းရရှိရေး ကွင်းဆင်းပွဲကျင်းပ

**အောင်လံ ဇူလိုင် ၁၄**

မကွေးတိုင်း ဒေသကြီး အောင်လံမြို့နယ် သံရွာကျေးရွာတွင် မိုးပဲတီစိမ်းစိုက်ခင်း ပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကွက် ကွင်းသရုပ်ပြပွဲကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါ စိုက်ခင်း၌ ကျင်းပသည်။

အဆိုပါ မိုးပဲတီစိမ်းပန်းတိုင် အထွက်နှုန်းရရှိရေး ကွင်းဆင်းပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးလှရွှေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်/ဆည်မြောင်း)တို့မှ တာဝန်ရှိသူများ တက်ရောက်သည်။




ထို့နောက် တက်ရောက်လာသည့် တာဝန်ရှိသူများက သံရွာကျေးရွာအုပ်စုရှိ တောင်သူ ဦးလုံး၏ မိုးပဲတီစိမ်း စိုက်ခင်းအား စံကွက်ရိတ်သိမ်းရာ တစ်ဧကလျှင် ၂၀ ဒသမ ၂၅ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**

# နမ့်စန်မြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ်သင်တန်းဖွင့်

**နမ့်စန် ဇူလိုင် ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်တွင် ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ် သင်တန်းဖွင့်ပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေမျိုးထွန်းက အမှာစကား ပြောကြားပြီး ခရိုင်ဥပဒေအရာရှိ ဦးသက်ခိုင်ဦးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့်ပို့ချမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို ဇူလိုင် ၁၅ ရက်အထိ ဖွင့်လှစ်၍ ခရိုင်ဥပဒေအရာရှိဦးသက်ခိုင်ဦးနှင့် မြို့နယ်ဥပဒေအရာရှိ ဒေါ်ထူးထူးလင်းတို့က ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

**သူရအောင်(နမ့်စန်)**

# တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဌမနေ့ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၄**

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဌမနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၅၀ တက်ရောက်သဖြင့် ၉၈ ဒသမ ၂၁ ရာခိုင်နှုန်းရှိသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် နိုင်ငံတော်သမ္မတရုံး၏ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် (၁/၂၀၂၆)ကို လိုအပ်သော ကာလအပိုင်းအခြားအထိ ဆက်လက်အတည်ဖြစ်စေရေး လွှတ်တော်၏သဘောတူညီချက်ရယူရန်နှင့်စပ်လျဉ်း၍ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦးက ၂၀၂၆ ခုနှစ် ဇူလိုင် ၂၁ ရက်တွင် ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်အမှတ်(၁/၂၀၂၆) ထုတ်ပြန်ကြေညာသည့် ရက်ပေါင်း ၉၀ ပြည့်မြောက်မည်ဖြစ်သော်လည်း အဆိုပါအမိန့်ဖြင့် အရေးပေါ်အခြေအနေ ကြေညာထားသည့် မြို့နယ်များတွင် အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေခြင်းငှာ ဥပဒေကဲ့သို့အာဏာတည်သော အမိန့်အမှတ်(၁/၂၀၂၆) အရေးပေါ်အခြေအနေကြေညာခြင်း အတည်ဖြစ်သည့်ကာလကို တိုးမြှင့်သတ်မှတ်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁၂ ပုဒ်မခွဲ(ဃ)တွင် "နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ထိုဥပဒေကဲ့သို့ အာဏာတည်သော အမိန့်ကို လိုအပ်သောကာလအပိုင်းအခြားထိ ဆက်လက်အတည်ဖြစ်စေနိုင်သည်"ဟု ပြဋ္ဌာန်းထားပါကြောင်း။

သို့ဖြစ်ပါ၍ အဆိုပါပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံတော်သမ္မတက ဥပဒေကဲ့သို့အာဏာတည်သော အမိန့်အမှတ် (၁/၂၀၂၆) ဆက်လက်အတည်ဖြစ်သည့် ကာလတိုးမြှင့်သတ်မှတ်ခြင်းကို ပြည်ထောင်စုလွှတ်တော်က သဘောတူပေးနိုင်ရေး နိုင်ငံတော်သမ္မတ၏ကိုယ်စား အဆိုတင်သွင်းသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (World Artificial Intelligence Cooperation Organization) ဖွဲ့စည်းတည်ထောင်ခြင်း သဘောတူညီချက်တွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းဇေယျာလှိုင်က AI နည်းပညာသည် လူသားသမိုင်းတစ်လျှောက်တွင် အထူးခြားဆုံး နည်းပညာတစ်ခုအဖြစ် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုပုံစံများကို အသစ်ပုံဖော်နေသည့် နည်းပညာတစ်ရပ်ဖြစ်ပါကြောင်း၊ အလားတူ လူသားများ၏ နေ့စဉ်နေထိုင်စားသောက်မှုကစပြီး နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းအစဉ်အလာများအပေါ်တွင်ပါ ကြီးကြီးမားမားပြောင်းလဲသက်ရောက်စေနိုင်သည့် နည်းပညာဖြစ်ပါကြောင်း။

ယခု ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (World Artificial Intelligence Cooperation Organization)သည် AI နည်းပညာကို ဘေးကင်းလုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ထားသည်ကို တွေ့ရသကဲ့သို့ AI နည်းပညာကို စနစ်တကျမှန်မှန်ကန်ကန် အသုံးပြုနိုင်ရေးနှင့် နည်းပညာသည် လူသားတို့၏ကောင်းကျိုးကိုသာ ဆောင်ကြဉ်းစေရေးအတွက် ရည်ရွယ်ပြီး ဖွဲ့စည်းထားသည်ကို တွေ့ရှိရပါကြောင်း၊ အဓိကအားဖြင့် AI နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပေါ်ပေါက်လာသည့် လူအများ၏စိုးရိမ်ပူပန်မှုများ လျှော့ချရန်၊ AI ကို လူ့အဖွဲ့အစည်းနှင့် အံဝင်ခွင်ကျဖြစ်သည့် နည်းပညာတစ်ရပ်အဖြစ် ပေါ်ထွန်းလာစေရန်၊ လူမှုပတ်ဝန်းကျင် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့် လိုက်လျောညီထွေရှိသည့် မူဘောင်သတ်မှတ်ချက်များနှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ထားသည်ကို တွေ့ရှိရပါကြောင်း။



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဌမနေ့ကျင်းပစဉ်။

ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ရည်ရွယ်ချက်များမှာ လူသားဗဟိုပြုချဉ်းကပ်မှုကို လိုက်နာစောင့်ထိန်းရန်နှင့် အဖွဲ့ဝင်အားလုံးအတွက် AI နည်းပညာဆိုင်ရာ ဆန်းသစ်တီထွင်မှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ အသုံးပြုမှုနှင့် လက်တွေ့အသုံးချမှုတို့ကို မြှင့်တင်ရန်၊ AI နည်းပညာ အရှိန်အဟုန်မြှင့် ဖြစ်ပေါ်တိုးတက်မှုများကို ရှုမြင်လျက် AI နည်းပညာဆိုင်ရာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုတိုးချဲ့ရန်နှင့် AI ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပွင့်လင်းမျှတပြီး ခွဲခြားမှုမရှိသည့် ပတ်ဝန်းကျင်တစ်ရပ်ကို ပူးတွဲတည်ထောင်သွားရန်၊ မတူကွဲပြားသည့် AI နည်းပညာကို ပေါင်းကူးနိုင်ရန်၊ AI နည်းပညာများနှင့် ဝန်ဆောင်မှုများကို ပိုမိုကျယ်ကျယ်ပြန့်ပြန့်ရရှိနိုင်ရေး တိုးမြှင့်လုပ်ဆောင်ရန်၊ ခေတ်မီ AI များမှ ဖြစ်ပေါ်လာမည့် ဘေးအန္တရာယ်များ၊ စိန်ခေါ်မှုများနှင့် သက်ရောက်မှုများကို စုပေါင်းကိုင်တွယ်ဖြေရှင်းရန်တို့ ဖြစ်ပါကြောင်း။

ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အဖွဲ့ဝင်နိုင်ငံများအကြား အုပ်ချုပ်ထောက်ပံ့မှု လိုအပ်ချက်များ ဆောင်ရွက်နိုင်ရေးအတွက် ပလက်ဖောင်းတစ်ခုတည်ထောင်ရန်၊ AI စွမ်းရည်တည်ဆောက်ရေးအတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်၊ AI ဖွံ့ဖြိုးရေးမဟာဗျူဟာများ၊ အုပ်ချုပ်မှုစည်းမျဉ်းများ၊ နည်းပညာစံနှုန်းများနှင့် ပတ်သက်၍ ထိန်းညှိမှုများနှင့် ညှိနှိုင်းမှုများကို တိုးမြှင့်သွားရန်၊ ဆွေးနွေးပွဲများ အဆင်ပြေချောမွေ့စေရန်၊ မူဝါဒဆိုင်ရာ ဘုံသဘောတူညီချက်များ တည်ထောင်ရန်၊ အချင်းချင်းပေါင်းစည်းလုပ်ဆောင်မှု မြှင့်တင်ရန်နှင့် အကောင်းဆုံးလုပ်ငန်းအလေ့အထများကို မျှဝေရန်၊ AI သိပ္ပံနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်၊ Open-Source စနစ်များ ဖွံ့ဖြိုးရေးတို့တွင် ပူးတွဲကြိုးပမ်းမှုများကို အားပေးအားမြှောက်ပြုရန်၊ ကမ္ဘာလုံးဆိုင်ရာ AI အုပ်ချုပ်မှု မြှင့်တင်ရန်၊ ကုလသမဂ္ဂမူဘောင်အတွင်းရှိ လုပ်ငန်းစဉ်များကို အထောက်အကူပြုရန်နှင့် တိုးမြှင့်လုပ်ဆောင်ရန်၊ အခြားသော နိုင်ငံတကာအဖွဲ့များနှင့် ဆက်ဆံရေးကို ထိန်းသိမ်းရန်၊ သင့်လျော်သော ပူးပေါင်းဆောင်ရွက်မှုပုံစံများကို စူးစမ်းလေ့လာရန်၊ အဖွဲ့၏ လုပ်ငန်းတာဝန်များကို အရပ်ဘက်သုံး AI နည်းပညာကဏ္ဍအတွက်သာ ကန့်သတ်ထားရန်တို့ ဖြစ်ပါကြောင်း။

အခြေခံစည်းမျဉ်းများတွင် အဓိကဖော်ပြထားသည်မှာ ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့သည် ကုလသမဂ္ဂပဋိညာဉ်၏ ရည်ရွယ်ချက်များနှင့် စည်းမျဉ်းများကို လေးစားလိုက်နာပြီး အဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာနှင့် ပြည်သူများ၏ မတူကွဲပြားမှုများကို အလေးထားမည်ဟု ဖော်ပြထားပါကြောင်း။

အဖွဲ့ဝင်နိုင်ငံများ၏ နှစ်စဉ်ထည့်ဝင်ထောက်ပံ့ငွေကြေးကို ကောင်စီကသတ်မှတ်မည်ဖြစ်ပြီး ထိုသို့သတ်မှတ်ရာတွင် သဘောတူညီထားသည့် ငွေကြေးသတ်မှတ်ချက်နှင့် Universal Postal Union တွင် ထည့်ဝင်သည့် ငွေကြေးအချိုးအစားသတ်မှတ်ချက်တို့ကို ထည့်သွင်းစဉ်းစားသွားမည်ဖြစ်သည့်အပြင် အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးမှုနှင့် ငွေကြေးထည့်ဝင်နိုင်မှုအခြေအနေတို့ကိုလည်း ထည့်သွင်းစဉ်းစားသွားမည်ဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်တွင် အခန်း(၁၈)ခန်းပါဝင်ပါကြောင်း၊ ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (World Artificial Intelligence Cooperation Organization)၏ တည်ထောင်ရေးဆိုင်ရာ သဘောတူညီချက်ပါ အချက်အလက်များကို ခြုံငုံကြည့်ပါက လက်မှတ်ရေးထိုးမှုကို ၂၀၂၆ ခုနှစ် မေ ၁ ရက်မှ ဇူလိုင် ၃၁ ရက်အထိ သတ်မှတ်ထားပြီး အဆိုပါကာလအတွင်း လက်မှတ်ရေးထိုးကြသည့်နိုင်ငံများသည် ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ထူထောင်သည့် အဖွဲ့ဝင်နိုင်ငံများ (Founding Members of the Organization) အဖြစ် သတ်မှတ်မည်ဖြစ်ပါကြောင်း။

ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့သည် AI စွမ်းရည် တည်ဆောက်ရေးအတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရေး၊ AI ဖွံ့ဖြိုးရေး မဟာဗျူဟာများ တိုးတက်ရေးတို့ကို လုပ်ဆောင်မည်ဖြစ်သည့်အတွက် မြန်မာနိုင်ငံ၏ AI နည်းပညာဖွံ့ဖြိုးရေးအပေါ် များစွာအထောက်အကူဖြစ်စေမည့် အဖွဲ့အစည်းဖြစ်သည်ကို သုံးသပ်တွေ့ရှိရပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားလုံခြုံရေးကို ဦးစားပေးစံနှုန်းများအဖြစ်ထားရှိပြီး ပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံ၏လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် အကျိုးရလဒ်ကောင်းများ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ AI နည်းပညာဖွံ့ဖြိုးတိုးတက်မှု အကျိုးကျေးဇူးများကို နိုင်ငံတကာနှင့် တန်းတူညီမျှမျှဝေခံစားနိုင်ခြင်း၊ နည်းပညာဈေးကွက်နှင့် Digital Economy ဖော်ဆောင်မှုတို့တွင် ကမ္ဘာ့နိုင်ငံများနှင့် တန်းတူပူးပေါင်းပါဝင်ခြင်းအားဖြင့် အခွင့်အလမ်းများ ရယူနိုင်ခြင်း စသည်ဖြင့် အကျိုးကျေးဇူးကောင်းများ ရရှိနိုင်မည်ဖြစ်ပါကြောင်း။

ယခုအချိန်ကာလတွင် ကမ္ဘာ့နိုင်ငံအသီးသီးက လွှတ်တော်အရပ်ရပ်တွင် AI နည်းပညာ၏ အရှိန်အဟုန်နှင့် တိုးတက်လာမှု၊ စိန်ခေါ်မှုများကို အလေးနက်ထား ထည့်သွင်းဆွေးနွေးနေကြပြီး နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်များကို အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပြင်ဆင်နေကြပြီဖြစ်ပါကြောင်း၊ ထိုကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တွင် ပူးပေါင်းပါဝင်ဆောင်ရွက်သင့်ပါကြောင်း လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၂၆ ခုနှစ်)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်သွင်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၂၆ ခုနှစ်)တို့နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက လက်ရှိကျင့်သုံးလျက်ရှိသည့် ဘဏ္ဍာရေးနှစ်နှင့်အညီဖြစ်စေရေးအတွက် ၂၀၁၈ ခုနှစ်တွင် ပြင်ဆင်ပြဋ္ဌာန်းခဲ့သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေပါ နေ့ရက်များကို ပြန်လည်ပြင်ဆင်ရန် လိုအပ်လာသည့်အတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၂၆ ခုနှစ်)နှင့် ၂၀၂၀ ပြည့်နှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်သွင်းခြင်းဆိုင်ရာ ဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့်နေ့ရက်များကို လက်ရှိကျင့်သုံးလျက်ရှိသည့် ဘဏ္ဍာရေးနှစ်နှင့်အညီ ပြင်ဆင်ရန်လိုအပ်သည့်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်သွင်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၂၆ ခုနှစ်)တို့ကို ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးသုံးသပ်၍ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီအနေဖြင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီအပါအဝင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းပြီး လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွှတ်တော်သို့တင်သွင်းနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဌမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေးနဝမနေ့ကို ဇူလိုင် ၂၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ပြည်ထောင်စုလွှတ်တော် ရုပ်သံဖိုင်ကြည့်ရန်

# ဝါစိုက်ပျိုးမှုမှသည် အထည်အလိပ် စက်မှုလုပ်ငန်းဆီသို့

**"ရွှေချည်၊ ငွေချည်" ဟု တင်စားသည့် မြန်မာ့ဝါသည် စိုက်ပျိုးတောင်သူများကို အကျိုးပြုလျက်ရှိသည့် ဝင်ငွေရသီးနှံတစ်ခု။ စိုက်ပျိုးရေးကိုအခြေခံသည့် မြန်မာနိုင်ငံအတွက် ဝါသည် ပြည်ပသို့တင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိနိုင်သည့် သီးနှံတစ်ခုလည်းဖြစ်သည်။ လက်ရှိကမ္ဘာ့အထည်အလိပ်ဈေးကွက်ရှိ အထည်အလိပ်အမှတ်တံဆိပ်များသည် သဘာဝ ပတ်ဝန်းကျင်မပျက်စီးစေဘဲ စိုက်ပျိုးထားသည့် အော်ဂဲနစ်ဝါဂွမ်းများကို ပိုမိုတောင်းဆိုကြချိန် ဖြစ်သည့်အတွက် မြန်မာ့ဝါအတွက် အလားအလာကောင်းများစွာရှိနေသည်။ ထို့ကြောင့် ပြည်ပပို့ကုန်သီးနှံ မြန်မာ့ဝါဖွံ့ဖြိုးမှုအတွက် ရှေ့တစ်လှမ်းတက်ရမည့်အချိန်အခါ ဖြစ်လာသည်။**

ဗညားဦး

လက်ရှိ နိုင်ငံတော်အစိုးရ၏မူဝါဒမှာ ကုန်ထုတ်လုပ်မှုကဏ္ဍကို မြှင့်တင်ပြီး ပြည်ပပို့ကုန် ပိုမိုတင်ပို့နိုင်ရေး၊ သွင်းကုန်အစားထိုးထုတ်လုပ်နိုင်ရေး လုပ်ငန်းစဉ်များဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် မြန်မာ့ဝါကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝါစိုက်တောင်သူများ အကျိုးအမြတ်ရရှိစေရေး၊ ဝါသီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အရည်အသွေးကောင်းဝါမျိုးများ အသုံးပြုနိုင်ရေး၊ မျိုးစေ့ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရေး၊ သီးနှံအရည်အသွေးနှင့် အထွက်နှုန်း တိုးတက်ကောင်းမွန်ရေးတို့ကို ပေါင်းစပ်ကူညီ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုကဲ့သို့ ပေါင်းစပ်ကူညီ ဖြည့်ဆည်းမှုများအပြင် မြန်မာ့ဝါကဏ္ဍ ရှေ့တစ်လှမ်း တက်လှမ်းနိုင်ရေးအတွက် ဝါစိုက်ပျိုးမှုများသည့် ဒေသများမှ တောင်သူများ၊ ဝါစိုက်တောင်သူအစုအဖွဲ့၊ ဝါမျိုးစေ့ထုတ်လုပ်သူအစုအဖွဲ့၊ ဝါစေ့ဆီထုတ်လုပ်သူ အစုအဖွဲ့၊ ဝါဂွမ်းထုတ်လုပ်သူ အစုအဖွဲ့၊ ချည်ထုတ်လုပ်သူအစုအဖွဲ့၊ ရက်ကန်းလုပ်ငန်းအစုအဖွဲ့၊ ဂျင်ခုံလုပ်ငန်းဆောင်ရွက်သူအစုအဖွဲ့တို့မှ လုပ်ငန်းရှင်များ စုံလင်စွာပါရှိသည့် "ဝါစိုက်ပျိုးမှုမှသည် အထည်အလိပ် စက်မှုလုပ်ငန်းဆီသို့" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို မကွေးတိုင်းဒေသကြီး မကွေးမြို့ မြို့တော်ခန်းမ၌ ၂၀၂၆ ခုနှစ် ဇူလိုင်လ ၁၁၊ ၁၂ နှင့် ၁၃ ရက်တို့တွင် အကြိုဆွေးနွေးပွဲအပါ သုံးရက်တာ ကျင်းပခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲကို သဘာဝချည်မျှင်လုပ်ငန်းအခြေခံ MSME စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါဆုံးစက်မှုကုန်ကြမ်းသီးနှံဖြစ်သည့် ဝါစိုက်ပျိုးမှုကို အားပေးမြှင့်တင်ရန်၊ ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်ပြီး ပြည်တွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရန်၊ ပြည်တွင်း၊ ပြည်ပ ဈေးကွက်ဝယ်လိုအားရှိသည့် ချည်မျှင်ရှည်ဝါများ တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရန်၊ ပြည်တွင်းရှိ ချည်မျှင်နှင့် အထည်စက်ရုံများအတွက် လိုအပ်သည့် အရည်အသွေးကောင်းဝါများ ထုတ်လုပ်ရန်၊ ပြည်ပမှတင်သွင်းနေရသည့် ဝါနှင့် ချည်များတင်သွင်းမှုကို လျှော့ချနိုင်ရန် အဓိကရည်ရွယ်သည်။

### အတွေ့အကြုံအချင်းချင်းဖလှယ်

ဇူလိုင် ၁၁ ရက်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် စက်မှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများက ဦးဆောင်၍ ဝါစိုက်တောင်သူများ အစုအဖွဲ့အနေဖြင့် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းရုံးခန်းမတွင် လည်းကောင်း၊ ဝါမျိုးစေ့ထုတ်လုပ်သူအစုအဖွဲ့နှင့် ဝါစေ့ကြိတ်ခွဲရောင်းချသူအစုအဖွဲ့၊ ဂျင်ခုံလုပ်ငန်းဆောင်ရွက်သူအစုအဖွဲ့၊ ဝါစေ့ဆီထုတ်လုပ်သူအစုအဖွဲ့တို့သည် မကွေးမြို့ မြို့နယ်စုပေါင်းရုံးခန်းမတွင် လည်းကောင်း၊ ဝါဂွမ်းမှ ဝါချည်ထုတ်လုပ်သူအစုအဖွဲ့၊ ဝါချည်မှ ပိတ်ရက်လုပ်သူအစုအဖွဲ့နှင့် ဝါချည်နှင့် ပိတ်စများ ဆေးဆိုးပန်းရိုက်လုပ်ဆောင်သူ အစုအဖွဲ့တို့သည် မကွေးမြို့ သမဝါယမသင်တန်းကျောင်းတွင် လည်းကောင်း အုပ်စုသုံးဖွဲ့ခွဲပြီး သက်ဆိုင်ရာ ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်းပါဝင်ပြီး တစ်ဖွဲ့စီအတွင်း လုပ်ငန်းဆောင်ရွက်ရာတွင် လက်တွေ့ကြုံတွေ့နေရသော အတွေ့အကြုံများကို လုပ်ငန်းတူအုပ်စုများအကြား အတွေ့အကြုံအချင်းချင်းဖလှယ်ခြင်း၊ အခက်အခဲများကို ဆွေးနွေးခြင်းများပြုလုပ်၍ ဖြေရှင်းနိုင်မည့်နည်းလမ်းများအား အဖြေရှာပြီး အကြံပြုချက်များ ဖော်ထုတ်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ဝါစိုက်တောင်သူများက အစပြုပြီး ဝါစိုက်ပျိုးခြင်းမှသည် ဝါမှ ဝါဂွမ်း၊ ဝါဂွမ်းမှ ချည်မျှင်၊ ချည်မျှင်မှ အထည်အလိပ်စက်မှုလုပ်ငန်းများဆီအထိ ကွင်းဆက်တစ်လျှောက်ရှိ ဆက်စပ်ပါဝင်သူအားလုံးက သက်ဆိုင်ရာကဏ္ဍအလိုက် စိတ်ဝင်တစား ပါဝင်ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့ကြသည့် ဆွေးနွေးချက်များအားလုံးကို အနှစ်ချုပ်ကြည့်သည့်အခါ ပြည်တွင်း ဝါစိုက်ပျိုးမှု ဖွံ့ဖြိုးရေးနှင့် ဝါကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ တိုးမြှင့်လာရေးအတွက် လုပ်ဆောင်ရမည့် ဖွံ့ဖြိုးမှုအကြံဉာဏ်များ၊ ရလဒ်များ ဖြစ်နေသည်။

ဆွေးနွေးပွဲ ဆွေးနွေးမှုများအရ နိုင်ငံတော်က ဝါစိုက်ပျိုးခြင်းလုပ်ငန်းစဉ်မှ အထည်အလိပ်စက်မှုလုပ်ငန်းများ၏ ထုတ်လုပ်မှုလုပ်ငန်းစဉ်အထိ ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်ကို သိရှိရသည်။

> **ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ၂၀၂၃-၂၀၂၄ ခုနှစ်မှ ၂၀၂၇-၂၀၂၈ ခုနှစ်အထိ ငါးနှစ်စီမံကိန်းချမှတ်ကာ ဝါစိုက်ဧရိယာဧက ၇ ဒသမ ၄၇ သိန်းနှင့် ပန်းတိုင်အထွက်နှုန်း တစ်ဧက ပိဿာ ၇၀၀ ထွက်ရှိရေး ရည်မှန်းဆောင်ရွက်နေသည်။ ဝါအဓိကစိုက်ပျိုးဖြစ်ထွန်းသည့် မကွေး၊ မန္တလေး၊ စစ်ကိုင်း၊ ပဲခူး၊ နေပြည်တော်နှင့် ရှမ်းပြည်နယ်တို့တွင် ဆောင်ရွက်သွားမည်ဖြစ်သည်။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ဝါစိုက်ဧရိယာ ဧက ၇ ဒသမ ၁၇ သိန်း စိုက်ပျိုးရန်လျာထား၍ တစ်ဧက ပျမ်းမျှအထွက်နှုန်း ပိဿာ ၆၃၈ ဒသမ ၃၀ ထွက်ရှိရန် လျာထားဆောင်ရွက်သွားမည်**

တောင်သူများအနေဖြင့် ဝါသီးနှံအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်သောဝါများ စိုက်ပျိုးနိုင်ပြီး တစ်ဦးချင်းဝင်ငွေတိုးတက်လာစေရန် အရည်အသွေးနှင့် အထွက်နှုန်းကောင်းဝါမျိုးများကို စိုက်ပျိုးရေးဦးစီးဌာနက စဉ်ဆက်မပြတ် သုတေသနပြုလုပ်ပြီး ထုတ်လုပ်ဖြန့်ဖြူး ပေးလျက်ရှိသည့်အပြင် အထွက်တိုး စိုက်ပျိုးနည်းစနစ်များကိုလည်း စဉ်ဆက်မပြတ် သုတေသနပြုလျက်ရှိသည်။

ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ၂၀၂၃-၂၀၂၄ ခုနှစ်မှ ၂၀၂၇-၂၀၂၈ ခုနှစ်အထိ ငါးနှစ်စီမံကိန်းချမှတ်ကာ ဝါစိုက်ဧရိယာဧက ၇ ဒသမ ၄၇ သိန်းနှင့် ပန်းတိုင်အထွက်နှုန်း တစ်ဧက ပိဿာ ၇၀၀ ထွက်ရှိရေး ရည်မှန်းဆောင်ရွက်နေသည်။ ဝါအဓိကစိုက်ပျိုးဖြစ်ထွန်းသည့် မကွေး၊ မန္တလေး၊ စစ်ကိုင်း၊ ပဲခူး၊ နေပြည်တော်နှင့် ရှမ်းပြည်နယ်တို့တွင် ဆောင်ရွက်သွားမည်ဖြစ်သည်။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ဝါစိုက်ဧရိယာ ဧက ၇ ဒသမ ၁၇ သိန်း စိုက်ပျိုးရန်လျာထား၍ တစ်ဧက ပျမ်းမျှအထွက်နှုန်း ပိဿာ ၆၃၈ ဒသမ ၃၀ ထွက်ရှိရန် လျာထားဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် ဆွေးနွေးပွဲ ဆွေးနွေးမှုများမှတစ်ဆင့် နိုင်ငံတော်အနေဖြင့် ဝါဖွံ့ဖြိုးမှုကွင်းဆက်တွင် ပါဝင်သည့် ဝါဝယ်ယူသူအစုအဖွဲ့များအတွက် ချေးငွေရရှိရေး ဆောင်ရွက်ပေးနေသည့် အခြေအနေကို သိရှိခဲ့ရသည်။ MSME ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေမှ သက်သာသော အတိုးနှုန်းဖြင့် MSME ချေးငွေ အစီအစဉ်များ၊ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ချေးငွေအစီအစဉ်များ၊ တိုင်းဒေသကြီး အစိုးရ၏ နိုင်ငံ့စီးပွားမြှင့်တင်ရေး စီမံကိန်းရန်ပုံငွေမှ MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတိုးနှုန်းသက်သာသော ချေးငွေအစီအစဉ်များ ဆောင်ရွက်ပေးနေသည်ကို သိရှိရသည်။ အပေါင်မဲ့ CGI စနစ်ဖြင့် MSME ချေးငွေမှ ကျပ်သန်း ၂၀ အထိ ရရှိနိုင်ကြောင်း၊ MSME ချေးငွေတွင် အသေးစားလုပ်ငန်းဖြစ်ပါက ချေးငွေပမာဏ ငွေကျပ်သန်း ၅၀၊ အလတ်စားလုပ်ငန်းဖြစ်ပါက ငွေကျပ်သန်း ၁၀၀ အထိ ရရှိနိုင်ကြောင်း ဆွေးနွေးမှုများအရ သိရသည်။ ယင်းအပြင် ဝါစေ့ဆီစက်ချေးငွေတွင် ချေးငွေပမာဏမှာ ငွေကျပ် ၁၀ သန်းမှ ငွေကျပ်သန်း ၅၀၀ အထိ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေတွင် တစ်ဦးချင်းဖြစ်ပါက ငွေကျပ်သန်း ၁၀၀ အထိ၊ အစုအဖွဲ့ဖြစ်ပါက ငွေကျပ်သန်း ၂၀၀ အထိ ရရှိနိုင်ကြောင်း သိရှိခဲ့ရသည်။

### ဒေသဆိုင်ရာ MSME အေဂျင်စီများသို့ လျှောက်ထားနိုင်

MSME ရန်ပုံငွေမှ ထုတ်ချေးသည့် ချေးငွေရရှိလိုသည့် လုပ်ငန်းရှင်များအနေဖြင့် မိမိလျှောက်ထားမည့်ဘဏ်သို့ လိပ်မူသည့် ချေးငွေအဆိုပြုလွှာ ပါဝင်သည့် ချေးငွေအမှုတွဲကို တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ ဒေသဆိုင်ရာ MSME အေဂျင်စီများသို့ လျှောက်ထားနိုင်ကြောင်း သိရသည်။ MSME ရန်ပုံငွေမှ ထုတ်ချေးပေးသည့် ချေးငွေအစီအစဉ်တွင်ပါဝင်သည့် ဘဏ် ၁၈ ခုရှိပြီး ယနေ့အထိ MSME ၅၀၉၁ ခုအတွက် ထုတ်ချေးပြီးငွေ ငွေကျပ် ၇၇၉ ဒသမ ၆၅၄ ဘီလီယံရှိပြီဖြစ်ကြောင်း ဆွေးနွေးပွဲမှသိရှိရသည်။

ဆွေးနွေးပွဲတွင် ဝါဖွံ့ဖြိုးမှုကွင်းဆက်ရှိ အထည်ချုပ်ကဏ္ဍ၏ နည်းပညာများ ပိုမိုတိုးတက်လာရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ အထည်ချုပ်ကဏ္ဍ၏ နည်းပညာဖွံ့ဖြိုးရေးအတွက် အမှတ် (၂) စက်မှုသင်တန်းကျောင်း (မန္တလေး)နှင့် တရုတ်နိုင်ငံ (Guangxi Economic and Trade Vocational Institute (GXETVI) ) တို့ပူးပေါင်းကာ အထည်ချုပ်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် သင်တန်းကျောင်းရှိ သင်တန်းနည်းပြများကို တရုတ်နိုင်ငံသို့စေလွှတ်၍ ခေတ်မီနည်းပညာများကို သွားရောက်လေ့လာစေခဲ့သည်။ သင်တန်းတွင် Artificial Intelligence (AI) အခြေပြု သင်ကြားရေးစနစ်များ၊ အထည်ချုပ်သင်တန်းများ ပေါ်ပေါက်လာရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိသည်ကိုလည်း ဆွေးနွေးပွဲမှ သိရှိခဲ့ရသည်။

ထို့အတူ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် လုပ်ငန်းရှင်များ၏ အထည်အလိပ်လုပ်ငန်းအတွက် လိုအပ်သည့် ချည်အခင်ဆေးဆိုးစက်နှင့် ချည်ကုံးလုံးဆေးဆိုးစက်များအပါအဝင် စက်ပစ္စည်းများ တင်သွင်းနိုင်ရေး ကူညီဆောင်ရွက်ပေးလျက်ရှိသည်ကို သိရှိရသည်။ စက်ပစ္စည်းများ တင်သွင်းနိုင်ရေးအတွက် အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းအနေဖြင့် စက်နှင့် စက်အရန်ပစ္စည်းများကို စစ်ဆေးပေးပြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ ထောက်ခံချက်ဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ဆက်လက်ပေးပို့ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပြည်တွင်းရှိ ဝါချည်မှ အထည်အလိပ်ထုတ်လုပ်သော လုပ်ငန်းရှင်များအတွက် အမှတ် (၁) အထည်စက်ရုံ (ရွှေတောင်) တွင် ချည်ကုံးလုံးဆေးဆိုးစက်များဖြင့် ချည်ဆေးဆိုးလုပ်ငန်းဆောင်ရွက်ပေးနိုင်သည့်အပြင် အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းရှိ နိုင်ငံပိုင်ချည်မျှင်စက်ရုံများမှထုတ်လုပ်သော ချည်မျိုးစုံအား MSME လုပ်ငန်းရှင်များကို ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ဝါကဏ္ဍ ကွင်းဆက်တစ်လျှောက်လုံး ဖွံ့ဖြိုးစေရန်အတွက် နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်သည့်အခါ အွန်လိုင်းဈေးကွက်သည် မေ့ထား၍မရပေ။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ "Myanmar Trade Portal" တွင် ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ပို့ကုန်/သွင်းကုန် လိုင်စင်ကိစ္စများ၊ နိုင်ငံတကာဈေးကွက်အတွက် လိုအပ်သည့် အချက်အလက်များကို စုံစုံလင်လင် ဖော်ပြပေးထားသည့်အတွက် လုပ်ငန်းရှင်များ ဝင်ရောက်လေ့လာသင့်သည့် Trade Portal တစ်ခုဖြစ်သည်။

ဆွေးနွေးပွဲမှတစ်ဆင့် အထည်အလိပ် MSME လုပ်ငန်းများအတွက် အထောက်အပံ့ရရှိစေမည့် အချက်တစ်ခုကိုလည်း သိရှိခဲ့ရသည်။ အာဆီယံနိုင်ငံများအကြား အွန်လိုင်းမှ ပါဝင်ရောင်းချနိုင်သည့် "ASEAN Online Sales Day" အစီအစဉ်အကြောင်း ဖြစ်ပါသည်။ ယင်းအစီအစဉ်အပြင် နိုင်ငံတကာဈေးကွက်အတွက် "ASEAN Access Platform" အစီအစဉ်များရှိသည်ကိုလည်း လေ့လာသိရှိခဲ့ရသည်။ ထို့ကြောင့် လုပ်ငန်းရှင်များအနေဖြင့် ASEAN Access Portal တွင် စာရင်းသွင်းပြီး ပါဝင်နိုင်ရေး အသိပေးနှိုးဆော်အပ်ပါသည်။

ထို့ပြင် ဂျာမနီနိုင်ငံ Frankfurt မြို့တွင် နှစ်စဉ်ကျင်းပလေ့ရှိသည့် ကမ္ဘာ့အကြီးဆုံးနှင့် အရေးအပါဆုံး အရောင်းပြပွဲ/ ကုန်စည်ပြပွဲများတွင် ပါဝင်ပြသနိုင်သည့် အခွင့်အလမ်းများ ရှိနေပါသည်။ လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ ရိုးရာလက်မှုပစ္စည်းများကို နိုင်ငံတကာဈေးကွက်သို့ တိုက်ရိုက်ရောင်းချနိုင်သည့်အတွက် လက်မလွှတ်သင့်သည့် အခွင့်အလမ်းများဖြစ်သည်။ ထို့အတွက် ထုတ်ကုန်အရည်အသွေးမြှင့်တင်ခြင်း၊ နိုင်ငံတကာ Logistics Partner များနှင့် ချိတ်ဆက်ခြင်းတို့ကို ကြိုတင်ပြင်ဆင်ထားကြရမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရလျှင် ဝါကဏ္ဍဖွံ့ဖြိုးရေး ကွင်းဆက်တစ်လျှောက်ရှိ ဆက်စပ်ပါဝင်သူအားလုံး ပါဝင်ဆွေးနွေးခဲ့သည့် သုံးရက်တာဆွေးနွေးပွဲသည် ဝါကဏ္ဍမှ နိုင်ငံ့စီးပွားဖွံ့ဖြိုးမှု ဖော်ဆောင်နိုင်မည့် ရလဒ်များကို ချဉ်းကပ်ဆွေးနွေးနိုင်ခဲ့ကြသည်။ ဆွေးနွေးမှုရလဒ်များကို အားလုံးပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ပါက ပို့ကုန်မြန်မာ့ဝါဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးမှုများကို ရရှိနိုင်မည်ဖြစ်ပါကြောင်း တိုက်တွန်းနှိုးဆော်ရေးသားလိုက်ရပါသည်။ ။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ လွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြှင့်တင်ရေးဆိုင်ရာသင်တန်းသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဇူလိုင် ၁၄**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် လွှတ်တော်အဆောက်အအုံ B- Annex သင်တန်းခန်းမ၌ ကျင်းပသည့် လွှတ်တော်ကိုယ်စားလှယ်များအတွက် စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ ပြည်သူ့ငွေစာရင်းကော်မတီနှင့် စပ်လျဉ်းသည့် သင်တန်းသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်များအတွက် စွမ်းရည်မြှင့်တင်ရေး ကဏ္ဍကိုဆောင်ရွက်သည့်နေရာတွင်ပြည်သူ့ငွေစာရင်း ကော်မတီသည် အရေးပါသည့် အမြဲတမ်းကော်မတီ တစ်ခုဖြစ်ပါကြောင်း၊ ယခုသင်တန်းမှတစ်ဆင့် လွှတ်တော်အခန်းကဏ္ဍမြင့်မားတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက်နိုင်ကြရန် လိုအပ်ပါကြောင်း၊ လွှတ်တော်ဆိုသည်မှာ ဒီမိုကရေစီလမ်းကြောင်းပေါ်က ရွေးကောက်ပွဲမှတစ်ဆင့် သက်ဆိုင်ရာမဲဆန္ဒနယ်မြေအလိုက် မဲဆန္ဒရှင်ပြည်သူများက ရွေးချယ်တင်မြှောက်လိုက်သည့် ပြည်သူ့ကိုယ်စားလှယ်များ စုစည်းရာနေရာတစ်ခုဖြစ်ပြီး လွှတ်တော်ကော်မတီများက အခြေခံကျသော ဒေါက်တိုင်များဖြစ်ပါကြောင်း။

လွှတ်တော်ကော်မတီများအနက် အရေးပါသည့် အမြဲတမ်းကော်မတီများတွင် ပါဝင်သော ပြည်သူ့ငွေစာရင်းကော်မတီသည် ပြည်သူ့ဘဏ္ဍာငွေကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ရန်နှင့် ကောင်းမွန်သည့် အုပ်ချုပ်ရေးစနစ် တည်ဆောက်ရာတွင် အထောက်အကူပြုသည့် ကော်မတီဖြစ်သည်နှင့်အညီ ယခုသင်တန်းသည် အရေးကြီးဆုံးသင်တန်းတစ်ခုဖြစ်ပါကြောင်း၊ ဒီမိုကရေစီစနစ်ကို ကျင့်သုံးကြသည့်နိုင်ငံများတွင် လွှတ်တော်သည် ဥပဒေပြုရေးကို တာဝန်ယူရသည်သာမက ပြည်သူ့ဘဏ္ဍာကို စောင့်ရှောက်ထိန်းသိမ်းရန်လည်း တာဝန်ရှိပါကြောင်း၊ ပြည်သူများ၏ အခွန်၊ ဝင်ငွေ၊ ချေးငွေနှင့် စုဆောင်းငွေ စသည်တို့ကို လေလွင့်မှုမရှိစေရန်၊ ထိရောက်စွာအသုံးပြုနိုင်ရန်နှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်ကို ကူညီစစ်ဆေး စီမံပေးရပါကြောင်း၊



ထို့ပြင် ပြည်သူ့ဘဏ္ဍာငွေများနှင့် ပတ်သက်ပြီး စစ်ဆေးရန်မှာ လွှတ်တော်၏အခြေခံတာဝန် တစ်ရပ်ပင်ဖြစ်ပါကြောင်း၊ ပြည်သူ့ငွေစာရင်းကော်မတီ၏ အောင်မြင်မှုကို အစိုးရဌာနအဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှု ပိုမိုကောင်းမွန်လာခြင်းနှင့် ဘဏ္ဍာငွေ လေလွင့်မှု နည်းပါးလာခြင်းများဖြင့် တိုင်းတာရမည် ဖြစ်ပြီး ပြည်သူများအတွက် ပိုမိုအကျိုးခံစားခွင့် ရရှိလာမည်လည်း ဖြစ်ပါကြောင်း။

နိုင်ငံတကာ လွှတ်တော်များတွင် ဖွဲ့စည်းထားရှိသော ပြည်သူ့ငွေစာရင်းကော်မတီသည် ပွင့်လင်းမြင်သာမှု (Transparency)၊ တာဝန်ခံမှု (Accountability)နှင့် ကောင်းမွန်သောအုပ်ချုပ်ရေး (Good Governance) တို့ကို မြှင့်တင်ပေးသည့်နေရာတွင် အရေးပါသောယန္တရားအဖြစ် သတ်မှတ်ခံထားရပါကြောင်း၊ ယနေ့ခေတ်တွင် ငွေအသုံးဝင်မှုတန်ဖိုး (Value of Money)ဟူသည့် အယူအဆသည် တစ်နေ့ထက်တစ်နေ့ အလွန်အရေးကြီးလာပါကြောင်း၊ ငွေများသည် သုံးစွဲရန်သက်သက်သာမဟုတ်ဘဲ အသုံးစရိတ်များသည် ပြည်သူများအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းမှု ရှိ ၊ မရှိကို ဆက်လက်သုံးသပ်ရမှာဖြစ်ပြီး ၎င်းသည် Performance Audit ၏ အခြေခံသဘောတရားပင်ဖြစ်ပါကြောင်း။

ပြည်သူ့ငွေစာရင်းကော်မတီ အဖွဲ့ဝင်များအနေဖြင့် လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များထဲတွင်ပါရှိသည့်အတိုင်း ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာများအား လေ့လာခြင်း၊ သက်ဆိုင်ရာကဏ္ဍအလိုက် ဘတ်ဂျက်ရေးဆွဲမှု၊ စီမံကိန်းများအကဲဖြတ်မှု၊ ဘေးအန္တရာယ်စီမံမှုနှင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှုတို့ကို ကျယ်ကျယ်ပြန့်ပြန့်သိရှိနားလည်ထားရန် လိုအပ်ပါကြောင်း၊ ကော်မတီ၏အကြံပြုချက်များသည် ကောင်းမွန်သော လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးအတွက် ဦးတည်ဆောင်ရွက်သင့်ပါကြောင်း၊ ယခုသင်တန်းသည် ငွေစာရင်းဆိုင်ရာ အသိပညာတိုးပွားရေးသာမက ကော်မတီ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လွှတ်တော်၏ စောင့်ကြည့်ထိန်းကျောင်းရေး၊ ဘဏ္ဍာရေးစည်းမျဉ်းများ ခိုင်မာအားကောင်းစေရေးစသည်တို့အတွက် အရေးပါသည့်ခြေလှမ်းတစ်ရပ်ဖြစ်ပါကြောင်း၊ ယခုသင်တန်းသို့ တက်ရောက်လျက်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပို့ချဆွေးနွေးချက်များအပေါ် အာရုံစိုက်ပြီး အပြန်အလှန်မေးမြန်းခြင်း၊ ဆွေးနွေးခြင်းများ ဆောင်ရွက်ကြစေလိုပါကြောင်း၊ ပြည်သူ့ဘဏ္ဍာငွေများကို ကာကွယ်စောင့်ရှောက်ခြင်းသည် မိမိတို့လွှတ်တော်၏ ဂုဏ်သိက္ခာမြှင့်တင်ခြင်းပင် ဖြစ်ပါကြောင်း၊ ပြည်သူ့ငွေစာရင်းကော်မတီသည် ခိုင်မာတောင့်တင်းသည့် လွှတ်တော်အဖြစ် ဖန်တီးနိုင်ရေး၊ ကောင်းမွန်သော အုပ်ချုပ်ရေးနှင့်နိုင်ငံတော် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အတွက် အားဖြည့်အထောက်အကူပြု ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး အမျိုးသားစီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနတွင် ဒုတိယဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးသူရိန်ဇော်(ကော့ကရိတ်မဲဆန္ဒနယ်)က ဆွေးနွေးပို့ချသည်။

ထို့နောက် ပြည်သူ့ငွေစာရင်းကော်မတီရေးဆွဲခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးပို့ချက်များအပေါ် တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက သိလိုသည်များကို ပြန်လည်မေးမြန်းသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကော်မတီ ဥက္ကဋ္ဌများ၊ အမျိုးသားလွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့ပြင် နံနက်ပိုင်းကလည်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများ ဖတ်ရှုနိုင်ရန်အတွက် တနင်္သာရီတိုင်းဒေသကြီး ဥပဒေချုပ်(ငြိမ်း) ဦးအုန်းသန်းက ပေးအပ်လှူဒါန်းသည့် အမျိုးသားညီလာခံမှတ်တမ်းများ၊ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့မှ အချက်အလက်များကို အခြေခံ၍ စုဆောင်းတင်ပြထားသော ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အနှစ်သာရများအမည်ရှိ စာအုပ် ၅၀ အား လက်ခံခဲ့ပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

စာအုပ်လှူဒါန်းပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၁၄**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်း ကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့လာသော ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၂၆ ခုနှစ်)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ဘဏ္ဍာငွေ အရအသုံးရေးဆွဲတင်သွင်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၂၆ ခုနှစ်)တို့နှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ပူးပေါင်းကော်မတီအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးဂျဲန်ဖန်နော်တောင်(ခ) ဦးနော်တောင်၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးမြို့၌ အခွန်ဆိုင်ရာအသိပညာတိုးတက်ရေးနှင့် အခွန်တာဝန်လေးစားလိုက်နာမှုတိုးတက်ရေး အသိပညာပေးရှင်းလင်း

**ပဲခူး ဇူလိုင် ၁၄**

အခွန်ဆိုင်ရာ အသိပညာတိုးတက်ရေးနှင့် အခွန်တာဝန်လေးစားလိုက်နာမှု တိုးတက်ရေး အသိပညာပေး ရှင်းလင်းပွဲကို ယမန်နေ့ မွန်းလွဲပိုင်းတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် အခွန်ထမ်း ပြည်သူများ တက်ရောက်ကြသည်။

**ရှင်းလင်းပြောကြား**

ရှင်းလင်းပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး စီမံကိန်း၊ စီးပွားရေးနှင့်ဘဏ္ဍာရေး ဝန်ကြီးက အခွန်ပေးဆောင်ခြင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆက်စပ်မှုဆိုင်ရာကိစ္စရပ်များကို အသိပညာပေး ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံး၊ ခရိုင်တရားရုံးများညှိနှိုင်းအစည်းအဝေး ကျင်းပ




နေပြည်တော် ဇူလိုင် ၁၄

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံး၊ ခရိုင်တရားရုံးများ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် Judicial College ၌ ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်များနှင့် တရားသူကြီးများ၊ တိုင်းဒေသကြီး ပြည်နယ် တရားရေးဦးစီးမှူးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားသူကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားသူကြီးများနှင့် ခရိုင်တရားသူကြီးများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုတရားသူကြီးချုပ်က မှုခင်းများစစ်ဆေးစီရင်ခဲ့မှုနှင့်စပ်လျဉ်းပြီး ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇွန် ၃၀ ရက်အထိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် လက်အောက် တရားရုံးအဆင့်ဆင့်တို့တွင် ရာဇဝတ်အမှုစုစုပေါင်း စာရင်းဖွင့်လက်ကျန် ၂၀၆၂၃ မှု၊ လက်ခံရရှိမှု ၁၄၀၂၉၃ မှု ဖြစ်ပြီး ၁၄၁၆၀၁ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၁၉၃၁၅ မှု ကျန်ရှိကြောင်း၊ တရားမအမှုစုစုပေါင်း စာရင်းဖွင့်လက်ကျန် ၂၄၇၄၉ မှု၊ လက်ခံရရှိမှု ၁၇၇၀၂မှု ဖြစ်ပြီး ၁၈၂၃၁ မှုစစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ အမှု ၂၄၂၂၀ ကျန်ရှိကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာ အနေဖြင့် တရားရုံးအဆင့်ဆင့်သို့ စွဲဆိုတင်ပို့သည့် အမှုပေါင်း ၁၅၇၉၉၅ မှု လက်ခံရရှိပြီး ၁၅၉၈၃၂ မှု စစ်ဆေးပြီးပြတ်သဖြင့် အမှုပြီးပြတ်မှုနှုန်းအနေဖြင့် ၁၀၁ ဒသမ ၁၆ ရာခိုင်နှုန်း ဖြစ်ကြောင်း၊ အမှုများ ကြန့်ကြာမှုမရှိစေဘဲ ပြီးပြတ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်းနှင့် အဆိုပါအစည်းအဝေးကို ဇူလိုင် ၁၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထဲရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကျင်းပ



နေပြည်တော် ဇူလိုင် ၁၄

ပြည်ထဲရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်း၊ ကော်မရှင်အဖွဲ့ဝင် ဦးတင်အောင်ဝင်း၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့(CPU) အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌက ကော်မရှင်၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများက ပြောကြားသည်။

ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံးမှ တာဝန်ရှိသူများက အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍ လည်းကောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေနှင့်စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးကြပြီး တက်ရောက်လာသူများက သိရှိလိုသည့်အချက်များကို မေးမြန်းဆွေးနွေးကြသည်။

ဆွေးနွေးပွဲအပြီးတွင် ကော်မရှင်အဖွဲ့ဝင်သည် ပြည်ထဲရေးဝန်ကြီးဌာန အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU) အဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး တားဆီးကာကွယ်ရေးအဖွဲ့များ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရမည့်အချက်များ၊ အားသာချက်၊ အားနည်းချက်များကို သုံးသပ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။**သတင်းစဉ်**

# ဖယ်ခုံမြို့၌ စပါးမျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြ

ဖယ်ခုံ ဇူလိုင် ၁၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စပါးမျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးခြင်း တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကို ဇူလိုင် ၁၃ ရက်က မိုင်းဖြတ်ကျေးရွာ တောင်သူဦးမောင်လေး၏ လယ်မြေ ငါးဧကတွင် ကျင်းပသည်။

ဦးစွာ ဖယ်ခုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးသန်းမြင့်က မိုးစပါးကွင်းသရုပ်ပြပွဲ ပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စပါးမျိုးစေ့ချ စိုက်ပျိုးပုံနည်းစနစ်များကို လက်တွေ့ကွင်းသရုပ်ပြ ဆောင်ရွက်ရာ တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တောင်သူများက ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီ(၂/၂၀၂၆) ညှိနှိုင်းအစည်းအဝေး ကျင်းပ



နေပြည်တော် ဇူလိုင် ၁၄

မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုတားဆီး ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီ (၂/၂၀၂၆) ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထု ညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်း ဆောင်ရွက်ရေးကော်မတီ ဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်မျိုးသန့်၊ ဒုတိယဥက္ကဋ္ဌ(၁) နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ကျော်စွာဦးနှင့် ကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ၂၀၂၆ ခုနှစ် ပွင့်လင်းရာသီ ကာလအတွင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု တားဆီးနိုင်ရေး လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အားနည်းချက်၊ အားသာချက်များကို သုံးသပ်ဖော်ထုတ် ဆွေးနွေးကြပြီး ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးကြသည်။

၂၀၂၆ ခုနှစ် ဇူလိုင်မှစတင်၍ အားအသင့်အတင့် ရှိသော အယ်လ်နီညိုအခြေအနေ ဖြစ်ပေါ်ခဲ့ပြီး ၂၀၂၆ ခု နှစ်ကုန်ပိုင်းတွင် အားအလွန် ကောင်းသော အယ်လ်နီညို အခြေအနေသို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ ထုတ်ပြန်ချက်အရ အပူချိန်မြင့်တက်ခြင်း၊ တောမီးလောင်ကျွမ်းမှုများ အလွယ်တကူဖြစ်ပေါ်နိုင်ခြင်း အခြေအနေများဖြစ်ပေါ်လာနိုင်သဖြင့် ၂၀၂၇ ပွင့်လင်းရာသီအတွက် မီးခိုးမြူငွေ့လျှော့နည်းကျဆင်းရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြမည့် လုပ်ငန်းများအား သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ဝိုင်းဝန်းဆွေးနွေးခဲ့ကြပြီး Fire Hotspot လျှော့ကျမှု အနေဖြင့် အခြေခံနှစ်ဖြစ်သည့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ပထမခြောက်လအတွင်း Fire Hotspot ၅၀၅၁၂ ကြိမ် ဖြစ်ပေါ်ခဲ့ပြီး ယခုနှစ် ၂၀၂၆ ခုနှစ် ပထမခြောက်လပတ်တွင် Fire Hotspot ၄၄၉၃၁ ကြိမ် ဖြစ်ပေါ်ခဲ့သည့်အတွက် ၅၅၈၁ ကြိမ်၊ ရာခိုင်နှုန်းအားဖြင့် ၁၁ ရာခိုင်နှုန်း လျှော့ချနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ တရားဝင်ခရီးစဉ်သွားရောက်



နေပြည်တော် ဇူလိုင် ၁၄

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆီဟာဆက် ဖူဝန်ကေ့ကဲ့ဝို့၏ ဖိတ်ကြားချက်အရ ဇူလိုင် ၁၃ ရက်မှ ၁၄ ရက်အထိ ထိုင်းနိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်ခဲ့သည်။

**ဆွေးနွေး**

ခရီးစဉ်အတွင်း ဇူလိုင် ၁၄ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်အား ဗန်ကောက်မြို့ရှိ အစိုးရအိမ်တော်သို့ သွားရောက်တွေ့ဆုံခဲ့သည်။ ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် နှစ်ပေါင်းရာချီကြာမြင့်သည့် ချစ်ကြည်ရင်းနှီးမှုကို အခြေခံထားသော အိမ်နီးချင်းကောင်းနိုင်ငံများဖြစ်သည်နှင့်အညီ နှစ်နိုင်ငံနှင့် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားနှင့် စပ်လျဉ်းသည့်ကိစ္စများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နယ်စပ်ဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စများကို ဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆီဟာဆက် ဖူဝန်ကေ့ကဲ့ဝို့က ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန၌ တည်ခင်းဧည့်ခံသည့် အလုပ်သဘောနေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ပြီး နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်နိုင်မည့်အခြေအနေများ၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့များ လျှော့ချရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ နယ်စပ်ကုန်သွယ်ရေး မြှင့်တင်ရန်ကိစ္စများကို ဆွေးနွေးခဲ့သည်။

နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်၏ မယ်တော်မိဖုရားကြီး Her Majestry Queen Sirikit နှင့် ထိုင်းနိုင်ငံ တော်ဝင်မင်းသမီး Princess Bajrakitiyabha တို့ ကံတော်ကုန်လွန်ခဲ့ခြင်းအတွက် ဗန်ကောက်မြို့ရှိ ဘုရင့်နန်းတော်တွင် ဖွင့်လှစ်ထားသည့် ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ကာတာနိုင်ငံ လက်ရှိဘုရင်၏ ဖခမည်းတော်နှင့် ဘုရင်ဟောင်းဖြစ်သူ His Highness Sheikh Hamad bin Khalifa Al Thani ကွယ်လွန်ခဲ့သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရကိုယ်စား ဝမ်းနည်းကြောင်းလက်မှတ်ရေးထိုး



ရန်ကုန် ဇူလိုင် ၁၄

ကာတာနိုင်ငံ လက်ရှိဘုရင်၏ ဖခမည်းတော်နှင့် ဘုရင်ဟောင်းဖြစ်သူ His Highness Sheikh Hamad bin Khalifa Al Thani သည် ဇူလိုင် ၁၂ ရက်တွင် ကွယ်လွန်သွားခဲ့ခြင်းအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အစိုးရကိုယ်စား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် ယနေ့ မွန်းလွဲပိုင်းက အင်းလျားမြိုင်လမ်း ရွှေတောင်ကြား (၁)ရပ်ကွက် ဗဟန်းမြို့နယ် ရန်ကုန်မြို့ရှိမြန်မာနိုင်ငံဆိုင်ရာ ကာတာနိုင်ငံသံရုံး၌ ဖွင့်လှစ်ထားသည့် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် တက်ရောက် လက်မှတ်ရေးထိုးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ကာတာနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူများအား သံရုံးဧည့်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်၍ ကာတာနိုင်ငံ လက်ရှိဘုရင်၏ ဖခမည်းတော်နှင့် ဘုရင်ဟောင်းဖြစ်သူ His Highness Sheikh Hamad bin Khalifa Al Thani ကွယ်လွန်သွားခဲ့ခြင်းအပေါ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအစိုးရကိုယ်စား ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားပါကြောင်း သတင်းစကား ပြောကြားပြီး ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ကာတာနိုင်ငံ လက်ရှိဘုရင်၏ ဖခမည်းတော်နှင့် ဘုရင်ဟောင်းဖြစ်သူ His Highness Sheikh Hamad bin Khalifa Al Thani သည် ၁၉၉၅ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ကာတာနိုင်ငံ၏ ဘုရင်အဖြစ် ထမ်းဆောင်ခဲ့ပြီး ကွယ်လွန်ချိန်တွင် အသက် (၇၄) နှစ်ရှိပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြဝတီမြို့၌ သမဝါယမအသင်းလီမိတက်အစည်းအဝေးနှင့် အမှုဆောင်ဒါရိုက်တာအဖွဲ့ ရွေးချယ်ပွဲကျင်းပ

မြဝတီ ဇူလိုင် ၁၄

ကရင်ပြည်နယ် မြဝတီမြို့နယ်တွင် မြဝတီခရိုင်အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက်၏ ၂၀၂၅-၂၀၂၆ ခုနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ဒါရိုက်တာ ရွေးချယ်တင်မြှောက်ပွဲကို ဇူလိုင် ၁၂ ရက်က မြဝတီမြို့ အမှတ်(၄)ရပ်ကွက် ဖူးသစ်ကိုယ်ပိုင် အလယ်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။

ဦးစွာ မြဝတီခရိုင် အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက်၏ သဘာပတိ ဦးဖြိုးမင်းဇော်၊ မြဝတီမြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သန္တာအောင်နှင့် သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးစိန်သောင်းတို့က အမှာစကားပြောကြားသည်။ ထို့နောက် အသင်း၏ အမှုဆောင်အဖွဲ့ အစီရင်ခံစာ၊ အသင်းစာရင်းစစ်အဖွဲ့ အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းတို့ကို ဖတ်ကြား တင်သွင်းခြင်းနှင့် အသင်းသား၏ အတည်ပြုချက်ရယူခြင်း၊ အသင်းသားဝေစု ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ ဆက်လက်၍ ခရိုင်အစိုးရဝန်ထမ်းပေါင်းစုံ အမှုဆောင်အဖွဲ့ အသစ် ရွေးချယ်တင်မြှောက်ခြင်း၊ ကတိသစ္စာခံယူခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**ဆောင်းနှင်းဖြူ**

စာအုပ်စာပေ လူ့မိတ်ဆွေ ❖ စာပေမြင့်မှ လူမျိုးတင့်မည်



# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး အလုပ်သမားဆေးရုံကြီး(ရန်ကုန်)၌ Ultrasound စက်အသစ်ဖြင့် ရောဂါရှာဖွေနေမှုကြည့်ရှုအားပေး

ရန်ကုန် ဇူလိုင် ၁၄

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အလုပ်သမားဆေးရုံကြီး (ရန်ကုန်)၌ Ultrasound အခန်း ပြင်ဆင်ထားရှိမှုနှင့် Ultrasound စက်အသစ်ဖြင့် အာမခံအလုပ်သမားလူနာများအား ရောဂါရှာဖွေနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရန်ကင်းမြို့နယ် ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ရန်ကင်း)၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဦးစီးဌာန၊ အဖွဲ့ရုံးများမှ မြို့နယ်ဦးစီးမှူးများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားပြီး ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ရန်ကင်း)တွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်မည့် သင်တန်းသားအိပ်ဆောင်ဆောက်လုပ်မည့် မြေနေရာကို သတ်မှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၁ ရာစု အဆင့်မြင့်ပညာကဏ္ဍနှင့် မြန်မာနိုင်ငံ၏ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်

**ဒေါက်တာဇော်ထွန်းအောင်(ပညာရေး)**

(၁၃-၇-၂၀၂၆ ရက်နေ့မှအဆက်)

**(ဈ) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် တိရစ္ဆာန်ဆေးကုသရေးတက္ကသိုလ်များအုပ်စု**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ နိုင်ငံတော်၏လယ်ယာစီးပွားကဏ္ဍနှင့် တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍအတွက် မရှိမဖြစ်လိုအပ်သော အဆင့်မြင့်ပညာရှင်များမွေးထုတ်ပေးရာ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တို့ဖြစ်ကြပါသည်။

ဤတက္ကသိုလ်ကြီးများသို့ ဝင်ခွင့်ရရှိရေးအတွက် အဆင့်နှစ်ဆင့် အရည်အချင်းစစ်စနစ် (Two-step Merit System) ကို အသုံးပြုလျက်ရှိပြီး ပထမအဆင့်အနေဖြင့် ပညာရေးဝန်ကြီးဌာနက ကျင်းပသော အမျိုးသားအဆင့် အခြေခံပညာအထက်တန်း (စာမေးပွဲ)တွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒ စသည့် သိပ္ပံဘာသာရပ်တွဲများကို အောင်မြင်ထားရန် ပထမဆုံး အခြေခံလိုအပ်ချက်ဖြစ်ပါသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် တက်ရောက်လိုသူများသည် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အနည်းဆုံး စုစုပေါင်း သတ်မှတ်ရမှတ်ပြည့်မီပါက ဒုတိယအဆင့်အဖြစ် တက္ကသိုလ်ကိုယ်တိုင် ကြီးကြပ်စစ်ဆေးသော အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာရပ်ဆိုင်ရာ အရည်အချင်းစစ်စာမေးပွဲများကို ထပ်မံဖြေဆို အောင်မြင်ရမည့်အပြင် လူတွေ့စစ်ဆေးခြင်းကိုပါ အောင်မြင်ရပါမည်။

မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ရေဆင်းသည် တိုင်းပြည်၏ တိရစ္ဆာန်ကျန်းမာရေးအတွက် လွန်စွာအရေးပါလှပြီး ဝင်ခွင့်ပြိုင်ဆိုင်မှု အထူးမြင့်မားလှပါသည်။ ၂၀၀၆ ခုနှစ်မှစတင်၍ ပထမနှစ်ကျောင်းသားများကို စနစ်တကျ ရွေးချယ်ရာတွင် တက္ကသိုလ်မှ သီးသန့်ကြီးကြပ်သော အထူးပြုဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ(ရေးဖြေ)အပြင် လူတွေ့နှုတ်ဖြေစာမေးပွဲတို့ကိုပါ ပေါင်းစပ်စစ်ဆေး၍ စံနှုန်းအမြင့်မားဆုံး ကျောင်းသား အယောက် ၁၀၀ ဝန်းကျင်ကိုသာ စိစစ်၍ လက်ခံပါသည်။ ဝင်ခွင့်ရရှိသူများသည် ငါးနှစ်သင် တိရစ္ဆာန်ဆေးကုသရေးပါရဂူဘွဲ့ (DVM) သို့မဟုတ် လေးနှစ်သင် တိရစ္ဆာန်သိပ္ပံဘွဲ့ (BASc) လမ်းကြောင်းများကို အထူးပြုဆည်းပူးနိုင်ခွင့်ရရှိကြမည်ဖြစ်ပါသည်။

**(ဉ) သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် (ရေဆင်း)**

သစ်တောပညာရပ်များကို စနစ်တကျ လေ့လာလိုသူများအတွက် ရေဆင်းသစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်သည် အဓိကကျသော ဌာနကြီးတစ်ခုဖြစ်ပါသည်။ အဆိုပါတက္ကသိုလ်သို့ ဝင်ခွင့်ရရှိရန် တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာရပ်တွဲ (STEAMS-1) ဖြင့် အောင်မြင်ထားရမည်ဖြစ်ပြီး တည်ဆဲဥပဒေနှင့် ကိုက်ညီသည့် နိုင်ငံသားဖြစ်သူများ လျှောက်ထားနိုင်ပါသည်။

ဤတက္ကသိုလ်၏ ဘွဲ့ကြိုသင်တန်းကာလမှာ လေးနှစ်ဖြစ်ပြီး အောင်မြင်ပါက သစ်တောပညာသိပ္ပံဘွဲ့ (B.Sc Forestry)ကို အပ်နှင်းမည်ဖြစ်ပါသည်။ ကျောင်းတော်ကြီးသည် တစ်နှစ်လျှင် စုစုပေါင်းကျောင်းသားဦးရေ ၈၀ သာ ကန့်သတ်လက်ခံပြီး အမျိုးသားနှင့် အမျိုးသမီးဦးရေ အချိုးအစားကို ၈၀:၂၀ စနစ်ဖြင့် မျှတစွာခွဲဝေလက်ခံလေ့ရှိပါသည်။ လျှောက်ထားသူများသည် တောတွင်း လက်တွေ့ကွင်းဆင်းလုပ်ငန်းများဆောင်ရွက်နိုင်ရန် ကိုယ်လက်အင်္ဂါပြည့်စုံပြီး ကျန်းမာရေး (က)အဆင့် ရှိရမည်ဖြစ်ပါသည်။

**(ည) သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်များ (သန်လျင်/စစ်ကိုင်း)**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိ သမဝါယမပညာနှင့် စီမံခန့်ခွဲမှုအထူးပြုတက္ကသိုလ်ကြီးများ ဖြစ်ကြပါသည်။ ကျောင်းသား ကျောင်းသူများသည် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင် သို့မဟုတ် စစ်ကိုင်း) တက္ကသိုလ်ကြီးများ၏ သင်တန်းများသို့ တက်ရောက်နိုင်ရန် စီစဉ်ထားရှိပါသည်။ အရည်အချင်းအလိုက် ပေါင်းကူးတက်ရောက်ခွင့်ရရှိကြမည် ဖြစ်ပါသည်။ ၎င်းအပြင် သမဝါယမဦးစီးဌာနက ဖွင့်လှစ်သော ယွန်းပညာ (Dip.L.T) နှစ်နှစ်သင် ဒီပလိုမာသင်တန်းများမှ ထူးချွန်သူ ၁၀၀ ကိုလည်း တက္ကသိုလ်ဘွဲ့ကြိုအစီအစဉ်များသို့ တိုက်ရိုက်တက်ရောက်ခွင့် ပံ့ပိုးပေးလျက်ရှိပါသည်။

**(ဋ) အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များ (ရန်ကုန်/မန္တလေး)**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ မြန်မာ့ရိုးရာယဉ်ကျေးမှု၊ အနုပညာနှင့် သုခုမပညာရပ်များကို ထိန်းသိမ်းမြှင့်တင်ပေးရာ တက္ကသိုလ်ကြီးများဖြစ်ကြပါသည်။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးနောက် မြန်မာ့ဂီတ၊ သဘင်၊ ပန်းချီ၊ ရုပ်ရှင်နှင့် ပြဇာတ်ပညာရပ်များကို အထူးပြုလေ့လာလိုသော ကျောင်းသားလူငယ်များသည် တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးအဖွဲ့သို့ သတ်မှတ်ရက်အတိုင်း တိုက်ရိုက်လျှောက်ထားနိုင်ပြီး အနုပညာဗီဇနှင့် ဘာသာရပ်ဆိုင်ရာ အကဲဖြတ်မှုများကိုဖြတ်ကျော်ကာ တက်ရောက်ခွင့်ရရှိကြမည်ဖြစ်ပါသည်။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များ (ရန်ကုန်/မန္တလေး)သည် သတင်းစာမှ သီးခြားခေါ်ယူပြီး သတ်မှတ်လျှောက်လွှာပုံစံဖြင့် တိုက်ရိုက်လျှောက်ထားရမည်ဖြစ်ပါသည်။

**(ဌ) မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်**

ရေကြောင်းအင်ဂျင်နီယာနှင့် ရေကြောင်းသိပ္ပံပညာရပ်များကို နိုင်ငံတကာစံနှုန်းမီ သင်ကြားပေးရာ ထိပ်တန်းအဆင့်မြင့် သိပ္ပံတက္ကသိုလ်ကြီးဖြစ်ပါသည်။ ဤတက္ကသိုလ်တွင် ရေကြောင်းအင်ဂျင်နီယာ (Marine Engineering)၊ ရေကြောင်းလျှပ်စစ်စနစ် (Marine Electrical Systems) နှင့် နာဗီကာဗေဒ (Nautical Science)စသည့်အထူးပြုဘာသာရပ်များကို ငါးနှစ်ကြာ စနစ်တကျသင်ကြားပေးပြီး အောင်မြင်ပါက အင်ဂျင်နီယာဘွဲ့ (B.E.) ချီးမြှင့်အပ်နှင်းပါသည်။

လျှောက်ထားသူများသည် ရေလုပ်ငန်းခွင်နှင့် ကိုက်ညီသော ကိုယ်လက်အင်္ဂါပြည့်စုံကြံ့ခိုင်မှုရှိရမည့်အပြင် မျက်စိမှုန်ခြင်းကင်းစင်ပြီး ဆေးဘက်ဆိုင်ရာ ကျန်းမာရေး (က) အဆင့်ရှိကြောင်း စစ်ဆေးမှုခံယူရမည်ဖြစ်ပါသည်။ သတင်းစာမှ သီးခြားခေါ်ယူပြီး သတ်မှတ်လျှောက်လွှာပုံစံဖြင့် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်သို့ တိုက်ရိုက်လျှောက်ထားရမည်ဖြစ်ပါသည်။

**(ဍ) မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်**

လေကြောင်းအင်ဂျင်နီယာနှင့် အာကာသနည်းပညာရပ်များကို မြန်မာနိုင်ငံတွင် အဆင့်မြင့်မားဆုံး မွေးထုတ်ပေးရာ ထိပ်တန်းနည်းပညာဗဟိုဌာနကြီးတစ်ခုဖြစ်ပါသည်။ လျှောက်ထားသူများသည် တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်ထားရမည်ဖြစ်ပြီး တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့က ထုတ်ပြန်သော တရားဝင်အရည်အချင်းစံနှုန်းများနှင့်အညီ လေကြောင်းတွန်းအားစနစ် (Propulsion and Flight Vehicles) အစရှိသော အဆင့်မြင့် အာကာသအင်ဂျင်နီယာဘွဲ့ (B.E. Aerospace) အထူးပြုမေဂျာရပ်များကို စနစ်တကျ ရွေးချယ်လျှောက်ထား တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ ငါးနှစ်ကြာ စနစ်တကျသင်ကြားပေးပြီး အောင်မြင်ပါက အင်ဂျင်နီယာဘွဲ့ (B.E.)များကို အထူးပြုမေဂျာအလိုက် ချီးမြှင့်အပ်နှင်းပါသည်။

> **❛ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့၏ သင်တန်းလျှောက်လွှာကတ်ပြားတွင် တက်ရောက်လိုသောတက္ကသိုလ်နှင့် အထူးပြုဘာသာရပ်များကို ဉပမာအားဖြင့် သုံးခုမျှသာ မပြည့်မစုံ ကန့်သတ်ဖြည့်စွက်ထားပြီး ဖော်ပြချက်များအားလုံးတွင် ဝင်ခွင့်ရမှတ်ပြည့်မီခြင်းမရှိပါက ကျောင်းသားများအတွက် ဆုံးရှုံးနစ်နာမှုများရှိလာနိုင်ကြောင်း အထူးသတိပြုကြရပါမည်။ ယင်းသို့ ဝင်ခွင့်မရရှိဘဲ လစ်လပ်ကျန်ရှိနေသော ကျောင်းသားများအတွက် ယာယီဆိုင်းငံ့ထားမည်ဖြစ်ပြီး ရွေးချယ်မှုလုပ်ငန်းစဉ်များ အားလုံးပြီးစီးသွားချိန်တွင်မှ တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့က နေရာလွတ်ကျန်ရှိနေသေးသည့် သင်တန်းများသို့သာ စနစ်တကျ ညှိနှိုင်းစီစဉ်ပေးသွားမည်❜**

**(ဎ) အားကစားပညာရပ်ဆိုင်ရာ တက္ကသိုလ်များ**

နိုင်ငံတော်အတွက် ထူးချွန်ထက်မြက်သော အားကစားသမားများနှင့် ကာယပညာရှင်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်သော အားကစားပညာရပ်ဆိုင်ရာ သင်တန်းများသို့ တက်ရောက်လိုသူများသည် တက္ကသိုလ်ဝင်စာမေးပွဲတွင် သတ်မှတ်ထားသော ဘာသာရပ်တွဲတစ်ခုခုဖြင့် အောင်မြင်ထားရမည်ဖြစ်ပါသည်။

ယင်းဘာသာရပ်တွဲများတွင် ပထမဦးစွာ သိပ္ပံဘာသာရပ်တွဲဖြစ်သော STEAMS-1 (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ)၊ ဒုတိယအဖြစ် သိပ္ပံ/ဝိဇ္ဇာတွဲဖြစ်သော STEAMS-2 (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဘောဂဗေဒ) သို့မဟုတ် တတိယအဖြစ် ဝိဇ္ဇာဘာသာရပ်တွဲဖြစ်သော STAMS-1 (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ) တို့ အကျုံးဝင်ပါသည်။ ထို့ပြင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့ကြသူများ ရာခိုင်နှုန်းကို အခြေခံ၍ ဆက်လက်ရွေးချယ်ရာတွင်လည်း တရားမျှတမှုရှိစေရန်အတွက် အမျိုးသားဦးရေ ၆၀ ရာခိုင်နှုန်းနှင့် အမျိုးသမီးဦးရေ ၄၀ ရာခိုင်နှုန်းအချိုးဖြင့် အခြေခံထားကာ စနစ်တကျသတ်မှတ်လက်ခံသွားမည်ဖြစ်ပါသည်။

အထူးဦးစားပေး ဝင်ခွင့်မူဝါဒအနေဖြင့် Naypyitaw State Academy သို့ တက်ရောက်ရန် လျှောက်ထားလာသူများအနက် နေပြည်တော်တွင် တာဝန်ထမ်းဆောင်လျက်ရှိကြသော နိုင်ငံ့ဝန်ထမ်းမိသားစုများ၏ သားသမီးများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ မြို့နယ်များတွင် အခြေစိုက်နေထိုင်ကြသော ဒေသခံပြည်သူများ၏ သားသမီးများထဲမှ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများကို ဦးစားပေးစနစ်ဖြင့် စိစစ်လက်ခံသွားမည်ဖြစ်ပါသည်။

**၄။ တက္ကသိုလ်ဝင်တန်း ဘာသာရပ်အုပ်စုအလိုက် တက်ရောက်ခွင့်ရှိသော တက္ကသိုလ်များနှင့် ဘာသာရပ်များ**

မြန်မာနိုင်ငံ၏ စနစ်သစ်အဆင့်မြင့်ပညာရေးတွင် ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ၌ ဖြေဆိုအောင်မြင်ခဲ့ကြသည့် ဘာသာရပ်တွဲအပေါ်မူတည်၍ တက်ရောက်ခွင့်ရှိသော တက္ကသိုလ်များနှင့် အထူးပြုဘာသာရပ်များကို စနစ်တကျ ကန့်သတ်ခွဲခြား သတ်မှတ်ထားရှိပါသည်။ သိပ္ပံဘာသာရပ်တွဲဖြစ်သော STEAMS-1 (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ)ဖြင့် အောင်မြင်ခဲ့ကြသူများသည် အခွင့်အလမ်း အကျယ်ပြန့်ဆုံးဖြစ်ပြီး ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များ၊ ဆေးဝါးတက္ကသိုလ်များ၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်များ၊ သူနာပြုတက္ကသိုလ်များ၊ အခြေခံကျန်းမာရေးတက္ကသိုလ်နှင့် တိုင်းရင်းဆေးတက္ကသိုလ် စသည့် ကျန်းမာရေးကဏ္ဍဆိုင်ရာ တက္ကသိုလ်အားလုံးသို့ စည်းကမ်းချက်များနှင့်အညီ လျှောက်ထားနိုင်ပါသည်။

ထို့အပြင် Naypyitaw State Polytechnic University၊ ရန်ကုန်နည်းပညာတက္ကသိုလ် (YTU)၊ မန္တလေးနည်းပညာတက္ကသိုလ် (MTU)၊ သတင်းအချက်အလက် နည်းပညာတက္ကသိုလ်၊ ရန်ကုန်/မန္တလေးကွန်ပျူတာတက္ကသိုလ်များ၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (ရတနာပုံဆိုက်ဘာစီးတီး)၊ Naypyitaw State Academy နှင့် ရန်ကုန်တက္ကသိုလ်တို့ရှိ သတ်မှတ်ချက်နှင့်ကိုက်ညီသော ဝိဇ္ဇာ/သိပ္ပံမေဂျာဘာသာရပ်တွဲအားလုံးသို့ ကျယ်ပြန့်စွာ လျှောက်ထားခွင့်ရရှိကြမည်ဖြစ်ပါသည်။

အလားတူပင် STEAMS-1 ဘာသာရပ်တွဲဖြင့် အောင်မြင်သူများသည် မိမိတို့ရမှတ်အလိုက် ပင်မဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်ကြီးများတွင် အရှေ့တိုင်းပညာ၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ မနုဿဗေဒ၊ ရှေးဟောင်းသုတေသနပညာ၊ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဘူမိဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ၊ ကွန်ပျူတာသိပ္ပံ၊ အဏ္ဏဝါဗေဒ၊ အားကစားပညာ၊ စာကြည့်တိုက်နှင့် သုတပညာ၊ မြန်မာမှုပညာ၊ ရုက္ခဗေဒ၊ သတ္တဗေဒ၊ သတ်မှတ်ချက်နှင့်ကိုက်ညီသော အသုံးချဘာသာရပ်များနှင့် ဥပဒေပညာစသည့် အဆင့်မြင့်ပညာရပ် မေဂျာ ပေါင်း ၄၈ ခု ကျော်ကို မိမိတို့ဝါသနာအလိုက် စနစ်တကျ အဆင့်ဆင့် ရွေးချယ်တက်ရောက်နိုင်ခွင့် ရရှိကြမည်ဖြစ်ပါသည်။

တစ်ပြိုင်နက်တည်းတွင် ဝိဇ္ဇာဘာသာရပ်တွဲဖြစ်သော STAMS-1 (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ) ဖြင့် အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့၏ ထူးချွန်ရမှတ်များအပေါ်မူတည်၍ Naypyitaw State Academy၊ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်တို့ရှိ သတ်မှတ်ချက်နှင့်ကိုက်ညီသော အထူးပြုဝိဇ္ဇာဘာသာရပ်တွဲများအပြင် ရန်ကုန်စီးပွားရေး တက္ကသိုလ် (လှိုင်နယ်မြေ/ရွာသာကြီးနယ်မြေ)၊ မုံရွာစီးပွားရေးတက္ကသိုလ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်နှင့် ရန်ကုန်ပညာရေးတက္ကသိုလ်/စစ်ကိုင်းပညာရေး တက္ကသိုလ်၊ တစ်နိုင်ငံလုံးရှိ ပညာရေးဒီဂရီကောလိပ်များသို့ စနစ်တကျ လျှောက်ထားနိုင်ပါသည်။

စာမျက်နှာ ၁၁ သို့ ☆

# အဆင့်မြင့်ပညာကဏ္ဍ သင်ကြား၊ သင်ယူမှုစနစ်သုံးသပ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များချမှတ်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁၄**

အဆင့်မြင့်ပညာ ကဏ္ဍ သင်ကြား၊ သင်ယူမှုစနစ်သုံးသပ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် Naypyitaw State Academy ပင်မဆောင်ရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။




**တက်ရောက်**

ဆွေးနွေးပွဲသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ပါမောက္ခချုပ်များ၊ ဒုတိယ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ စီးပွားရေး လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားပြီး အဆင့်မြင့်ပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

မွန်းလွဲပိုင်းတွင် Parallel Sessions များခွဲ၍ ဆွေးနွေးကြရာ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှု ကော်မတီဥက္ကဋ္ဌ ဒေါက်တာလှတင့်က အဝေးသင်ပညာရေးစနစ် ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ရန်ကုန်စီးပွားရေး တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်တင်ထွေး က ဒီဂျစ်တယ်ပညာရေး စနစ် ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ရန်ကုန် နိုင်ငံခြားဘာသာ တက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာကြည်ရှင်က အရည်အသွေးအာမခံမှုစနစ်ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဒေါက်တာခင်မျိုးမြင့်ကြူက ဆရာအတတ်ပညာအရည်အသွေး တိုးတက်စေရေးခေါင်းစဉ်ဖြင့် လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာသူများက အဝေးသင်ပညာရေးစနစ်၊ ဒီဂျစ်တယ်ပညာရေးစနစ်၊ အရည်အသွေး အာမခံမှုစနစ်၊ ဆရာအတတ်ပညာ အရည်အသွေး တိုးတက်စေရေး ခေါင်းစဉ်များ အလိုက် Parallel Sessions များ ခွဲပြီး ဆွေးနွေးကြကြောင်းနှင့် အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၁၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမျိုးမြင့် ဖလမ်းမြို့ရှိ အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားနေမှုနှင့် ကျောင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု



**နေပြည်တော် ဇူလိုင် ၁၄**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ ယမန်နေ့က ဖလမ်းမြို့ရှိ အခြေခံပညာကျောင်းများ ဖွင့်လှစ်ပညာသင်ကြားနေမှုနှင့် ကျောင်းကျန်းမာရေး လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ကွင်းဆင်းကြည့်ရှုသည်။

ဦးစွာ ဖလမ်းမြို့ အမှတ်(၃)အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ကျောင်းကျန်းမာရေးဌာနမှ တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအား မျက်စိစမ်းသပ်ခြင်း၊ သွားနှင့်ခံတွင်းစမ်းသပ်ခြင်း၊ တစ်ကိုယ်ရေကျန်းမာရေးစစ်ဆေးခြင်း ဆောင်ရွက်ပေးနေမှုနှင့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုတို့ကို လှည့်လည်ကြည့်ရှုခဲ့သည်။

ထို့နောက် ဖလမ်းမြို့ အမှတ်(၁) အခြေခံပညာ မူလတန်းလွန်ကျောင်း၌ မြို့မိမြို့ဖများ၊ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့်တွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုနှင့် ကျောင်းအတွင်း လှည့်လည်ကြည့်ရှုကာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ကြေးများ ပေးအပ်သည်။

ဖလမ်းမြို့နယ်တွင် အခြေခံပညာကျောင်း ၁၁၃ ကျောင်း ဖွင့်လှစ်နိုင်ပြီး သင်ကြားရေး ဆရာ ဆရာမ ၂၈၄ ဦးဖြင့် အခြေခံပညာ ကျောင်းသား ကျောင်းသူ ၃၄၄၀ ကို ပညာသင်ကြားပေးလျက်ရှိပြီး တီးတိန်၊ တွန်းဇံနှင့် ဖလမ်းမြို့တို့တွင် အခြေခံပညာကျောင်းပေါင်း ၂၈၂ ကျောင်း ဖွင့်လှစ်ကာ သင်ကြားရေးဆရာ ဆရာမ ၁၂၄၇ ဦးဖြင့် အခြေခံပညာကျောင်းသား ကျောင်းသူ ၂၀၃၁၄ ဦးကို ပညာသင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

☆ စာမျက်နှာ ၁၀ မှ

နောက်ဆုံးအုပ်စုအဖြစ် ဝိဇ္ဇာ/သိပ္ပံ ရောပြွမ်းဘာသာရပ်တွဲဖြစ်သော STAMS–2 (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ လူမှုရေးသိပ္ပံဖြစ်သော ပထဝီဝင်နှင့် သမိုင်း၊ ဘောဂဗေဒ သို့မဟုတ် စိတ်ကြိုက် မြန်မာစာ၊ ဘောဂဗေဒ) ဖြင့် အောင်မြင်ခဲ့ကြသူများသည်လည်း အားကောင်းလှသော လမ်းကြောင်းသစ်များအဖြစ် Naypyitaw State Academy၊ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်တို့ရှိ ဝိဇ္ဇာဘာသာရပ်များ၊ ရန်ကုန်/ မုံရွာ/ မိတ္ထီလာ စီးပွားရေးတက္ကသိုလ်များ၊ ရန်ကုန်/ မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ်များ (YUFL / MUFL) ရှိ ဘာသာစကားအထူးပြုမေဂျာများ၊ ပညာရေးတက္ကသိုလ်များနှင့် ပညာရေးဒီဂရီကောလိပ်များ၊ နည်းပညာတက္ကသိုလ်များ၊ အစိုးရနည်းပညာကောလိပ်များ၊ ကွန်ပျူတာတက္ကသိုလ်များ၊ Polytechnic University များသို့ လျှောက်ထားနိုင်သည့်အပြင် ပင်မတက္ကသိုလ်ကြီးများရှိ မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သမိုင်း၊ ဒဿနိကဗေဒ၊ စိတ်ပညာ၊ ဥပဒေပညာ၊ စီးပွားရေးပညာ၊ အရှေ့တိုင်းပညာ၊ နိုင်ငံတကာဆက်ဆံရေးပညာနှင့် မနုဿဗေဒစသည့် အဆင့်မြင့် ဘာသာရပ်မေဂျာပေါင်း ၄၂ ခုကျော်ကို မိမိတို့ ရမှတ်အဆင့်အတန်းအလိုက် စနစ်တကျ ပြည့်စုံစွာလျှောက်ထား တက်ရောက်နိုင်ခွင့် ရရှိကြမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါသည်။

**၅။ တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးလုပ်ငန်းစဉ်နှင့် အကဲဖြတ်မှုစနစ်**

တက္ကသိုလ်ဝင်ခွင့် လျှောက်ထားလာသည့် ကျောင်းသား ကျောင်းသူများ၏ လျှောက်လွှာကတ်ပြားများကို စနစ်တကျ အကဲဖြတ်စိစစ်၍ အောင်မြင်စွာ ရွေးချယ်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနအောက်ရှိ “တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးအဖွဲ့”က တရားမျှတပြီး ပွင့်လင်းမြင်သာမှုရှိသောစနစ်များဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။

ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များသို့ တက်ရောက်ခွင့်ရရှိရန် လျှောက်ထားသူများကို ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနက တိုက်ရိုက်ဦးဆောင်ကာ အရည်အချင်းစစ် လူတွေ့စစ်ဆေးခြင်းနှင့် နှုတ်ဖြေစာမေးပွဲရလဒ်များအပေါ် အခြေခံ၍ စနစ်တကျ စိစစ်ရွေးချယ်ဆောင်ရွက်ပါသည်။

တစ်ပြိုင်နက်တည်းတွင် ဆေးဝါးတက္ကသိုလ်များ၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်များ၊ သူနာပြုတက္ကသိုလ်များနှင့် အခြေခံကျန်းမာရေးတက္ကသိုလ် စသည့် ကျန်းမာရေးနှီးနွှယ်တက္ကသိုလ်များအုပ်စု၏ ဝင်ခွင့်ကိုမူ ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုရရှိခဲ့သည့် ခြောက်ဘာသာရမှတ် စုစုပေါင်းအပေါ် အဓိကအခြေခံလျက် ယှဉ်ပြိုင်စနစ်ဖြင့် တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးအဖွဲ့က မှန်ကန်စွာ စိစစ်ရွေးချယ်ပေးခြင်းဖြစ်ပါသည်။

ထို့ပြင် ကျောင်းသားများ၏ သင်တန်းရွေးချယ်မှုကတ်ပြားများကို အဆင့်ဆင့်စစ်ဆေးရာတွင် စာမေးပွဲ၌ ရမှတ်အများဆုံးရရှိသည့် ထူးချွန်ကျောင်းသားများ၏ ကတ်ပြားမှစတင်ကာ အမှတ်အများ/အနည်းအလိုက် တန်းစီဇယားစနစ်ဖြင့် စနစ်တကျ စီတန်းစစ်ဆေးရွေးချယ်ပါသည်။ ထိုသို့စိစစ်ရာ၌ ကျောင်းသားတစ်ဦးချင်းစီ၏ လျှောက်လွှာတွင် ဖော်ပြထားသော သင်တန်းရွေးချယ်မှုမော်ဒယ်၏ ဦးစားပေးအစီအစဉ် (၁)ကို ပထမဦးဆုံး စတင်စဉ်းစားပေးပြီး အကယ်၍ ယင်းတက္ကသိုလ် သို့မဟုတ် အထူးပြုမေဂျာဘာသာရပ်တွင် သတ်မှတ်ထားသော လက်ခံမည့် ကျောင်းသားဦးရေ ပြည့်မြောက်သွားပါက ဦးစားပေးအစီအစဉ်(၂)၊ (၃) နှင့် (၄) စသည်ဖြင့် လမ်းညွှန်ချက်များနှင့်အညီ အဆင့်ဆင့် ဆက်လက်စိစစ်ကာ တက်ရောက်ခွင့်ပြုပေးသွားမည်ဖြစ်သည်။

အလားတူ ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့၏ သင်တန်းလျှောက်လွှာကတ်ပြားတွင် တက်ရောက်လိုသောတက္ကသိုလ်နှင့် အထူးပြုဘာသာရပ်များကို ဥပမာအားဖြင့် သုံးခုမျှသာ မပြည့်မစုံ ကန့်သတ်ဖြည့်စွက်ထားပြီး ဖော်ပြချက်များအားလုံးတွင် ဝင်ခွင့်ရမှတ်ပြည့်မီခြင်းမရှိပါက ကျောင်းသားများအတွက် ဆုံးရှုံးနစ်နာမှုများရှိလာနိုင်ကြောင်း အထူးသတိပြုကြရပါမည်။ ယင်းသို့ ဝင်ခွင့်မရရှိဘဲ လစ်လပ်ကျန်ရှိနေသောကျောင်းသားများအတွက် ယာယီဆိုင်းငံ့ထားမည်ဖြစ်ပြီး ရွေးချယ်မှုလုပ်ငန်းစဉ်များ အားလုံးပြီးစီးသွားချိန်တွင်မှ တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးအဖွဲ့က နေရာလွတ်ကျန်ရှိနေသေးသည့် သင်တန်းများသို့သာ စနစ်တကျ ညှိနှိုင်းစီစဉ်ပေးသွားမည်ဖြစ်ပါသည်။

ကျောင်းသားများအနေဖြင့် တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာပုံစံများနှင့် သင်တန်းရွေးချယ်မှုကတ်ပြားများတွင် မိမိတို့၏ အမျိုးသားမှတ်ပုံတင်အမှတ်၊ ဖြေဆိုခဲ့သည့် အမှတ်စာရင်းများနှင့် ကိုယ်ရေးအချက်အလက်များကို မမှန်မကန် လိမ်လည်ဖြည့်စွက်ထားခြင်း သို့မဟုတ် အခြားမရိုးမသားပြုလုပ်ထားကြောင်း စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာ ငြင်းပယ်ခံရမည့်အပြင် ဥပဒေကြောင်းအရပါ ထိရောက်စွာ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း တရားဝင် စည်းကမ်းချက်များနှင့်အညီ လေးနက်စွာ နှိုးဆော်တင်ပြအပ်ပါသည်။

တက္ကသိုလ်ပညာရေးလမ်းခရီးတွင် အမှန်တကယ် အောင်မြင်မှုရရှိရန်အတွက် ကျောင်းသားလူငယ်များ၏ ကိုယ်တိုင်ကြိုးစားအားထုတ်မှုသက်သက်မျှဖြင့် မလုံလောက်ဘဲ မိဘအုပ်ထိန်းသူများနှင့် လူမှုအဖွဲ့အစည်းတစ်ရပ်လုံးကပါ ပညာရေး၏ ရေရှည်တန်ဖိုးကို နားလည်ပြီး စနစ်တကျ ဝိုင်းဝန်းပံ့ပိုးပေးရန် အထူးလိုအပ်လှပါသည်။ ကျောင်းသားလူငယ်များအနေဖြင့်လည်း အခြေခံပညာအဆင့်တွင် သတ်မှတ်စံနှုန်းများနှင့်ကိုက်ညီသော ရလဒ်ကောင်းများရရှိအောင် ငယ်စဉ်ကတည်းက စာသင်ခန်းအတွင်း စနစ်တကျ လေ့ကျင့်ပြင်ဆင်ထားကြရမည်ဖြစ်ပါသည်။

မျိုးဆက်သစ်လူငယ်ထုကြီးက ခေတ်မီထက်မြက်သော တက္ကသိုလ်ပညာရေးနှင့် နည်းပညာစွမ်းရည်များကို အမိအရဆည်းပူးလျက် နိုင်ငံတကာနှင့် ရင်ပေါင်တန်းကာ မိမိတို့၏ဘဝအဆင့်အတန်းမြင့်မားလာစေရေးနှင့် တိုင်းပြည်ဘက်စုံတည်ဆောက်ရေးကဏ္ဍအရပ်ရပ်တွင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆန္ဒပြုရေးသားတင်ပြလိုက်ရပါသည်။ ။


**ကိုးကားချက်များ (References)**

၁။ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန(၂၀၂၅)၊ ၂၀၂၅–၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်ချက်

၂။ အဆင့်မြင့်ပညာဦးစီးဌာန (၂၀၂၄)၊ ဘာသာရပ်အုပ်စုအလိုက် တက္ကသိုလ်များနှင့် ဝင်ခွင့်သတ်မှတ်ချက်များ။

၃။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန (၂၀၂၅)၊ ဆေးတက္ကသိုလ်ဝင်ခွင့် လမ်းညွှန်ချက်နှင့် ဒေသခွဲတမ်းစနစ်။

၄။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန (၂၀၂၄)၊ နည်းပညာ၊ အင်ဂျင်နီယာနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ ဝင်ခွင့်စံနှုန်းများ။

၅။ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်/ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ် (၂၀၂၅)၊ အထူးပြုဘာသာရပ်များအတွက် ဝင်ခွင့်အရည်အချင်းများ။

## ကရင်ပြည်နယ်ဝန်ကြီးချုပ် တောင်ကလေးပရိယတ္တိ၊ ပဋိပတ္တိသာသနာ့အေးရိပ်သာ နာယကချုပ်ဆရာတော်၏ (၆၆) နှစ်ပြည့် ဝိဇာတမွေးနေ့အလှူ တက်ရောက်ကြည်ညို

ဘားအံ ဇူလိုင် ၁၄

ကရင်ပြည်နယ် ဘားအံမြို့နယ် ကော့ထော် ကျေးရွာအုပ်စု တောင်ကလေးပရိယတ္တိ၊ ပဋိပတ္တိ သာသနာ့အေးရိပ်သာ နာယကချုပ် နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ သီရိပျံချီဒေါက်တာ ဘဒ္ဒန္တပညာသာမိ၏ (၆၆) နှစ်မြောက် ဝိဇာတ(မွေးနေ့) အလှူတော်ကို ယနေ့နံနက်ပိုင်းက တောင်ကလေးပရိယတ္တိစာသင်တိုက် ပရိဝုဏ်အတွင်း ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး တက်ရောက်ကြည်ညိုသည်။

ဦးစွာ ဆရာတော်ကြီးထံ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများက သာသနာရေးဆိုင်ရာများနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ လျှောက်ထားတင်ပြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော်၏ ဝိဇာတအလှူတော်အဖြစ် ငှက်အကောင်ရေ ၁၀၈၀ ကို ဘေးမဲ့ လွှတ်ပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**





## မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဂန္ဓကုဋိတိုက်ဘုရားကျောင်းတော် အသစ်တဖန်ဆောက်လုပ်လှူဒါန်းခြင်း ရေစက်သွန်းချ အလှူတော်မင်္ဂလာအခမ်းအနား ကျင်းပ

မန္တလေး ဇူလိုင် ၁၄

အင်အားပြင်း မန္တလေးငလျင်ကြီးကြောင့် အမရပူရမြို့နယ်ရှိ မဟာဂန္ဓာရုံကျောင်းတိုက်အတွင်းရှိ ထိခိုက်ပျက်စီးခဲ့သည့် ဂန္ဓကုဋိတိုက် ဘုရားကျောင်းတော်အား အသစ်တဖန် ဆောက်လုပ်လှူဒါန်းခြင်း ရေစက်သွန်းချ အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက မဟာဂန္ဓာရုံကျောင်းတိုက်အတွင်းရှိ အဆိုပါ ဂန္ဓကုဋိတိုက်ဘုရားကျောင်းတော်၌ ကျင်းပသည်။

ဦးစွာ ဆရာတော်၊ သံဃာတော်များက ဂန္ဓကုဋိကျောင်းတိုက်အတွင်းရှိ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား အနေကဇာတင်ပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ သီတဂူကမ္ဘာ့တက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ သောဌသမ ရွှေကျင်သာသနာပိုင် သီတဂူဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူ ဆောက်တည်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆရာတော်ကြီးများထံ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် ဂန္ဓကုဋိဘုရားကျောင်းတော် လှူဒါန်းခြင်းမော်ကွန်းကမ္ပည်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်းသိရသည်။ **သတင်းစဉ်**

## စစ်ကိုင်းတိုင်းဒေသကြီး စိမ်းလန်းစိုပြည်ရေး ဝါးပင်များစိုက်ပျိုးပွဲ ကျင်းပ

မုံရွာ ဇူလိုင် ၁၄



စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် တိုင်းဒေသကြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ၂၀၂၆ ခုနှစ် မိုးရာသီ ဝါးပင်စိုက်ပျိုးပွဲကို ယမန်နေ့နံနက်ပိုင်းက မုံရွာမြို့ မြန်မာ့သစ်လုပ်ငန်း အမှတ်(၇၅)သစ်ပါးလွှာ စက်ရုံဝင်း အတွင်း၌ ကျင်းပသည်။

ဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ စီမံကိန်းနှင့်စီးပွားရေးရာဝန်ကြီး၊ လူမှုရေးရာဝန်ကြီး၊ သယံဇာတရေးရာနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး၊ စည်ပင်သာယာရေး ဝန်ကြီးတို့က သတ်မှတ်နေရာများတွင် နေရာယူကြပြီး တက်ရောက်လာသော တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများနှင့်အတူ စုစုပေါင်း ဝါးပျိုးပင် ၄၀၀၀ ကို စုပေါင်းစိုက်ပျိုးပေးသည်။

အလားတူ တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ ဦးဆောင်ပြီး စစ်ကိုင်း၊ မုံရွာ၊ ရွှေဘို၊ ခန္တီး၊ ဟုမ္မလင်း၊ ကန့်ဘလူ၊ ကလေး၊ မော်လိုက်တို့တွင်လည်း ဝါးပျိုးပင် ၆၃၀၀ ကို စုပေါင်းစိုက်ပျိုးပေးခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး အတွင်း စုစုပေါင်းဝါးပျိုးပင် ၁၀၃၀၀ ကို စုပေါင်း စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ထန်းတပင်မြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေး

ရန်ကုန် ဇူလိုင် ၁၄

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်အတွင်းရှိ လုပ်ငန်းရှင်များအား အခွန်ဆိုင်ရာသိမှတ်ဖွယ်ရာများနှင့် ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၁၃ ရက် နံနက်ပိုင်းက ထန်းတပင်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်နိုင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်ယဉ်မီမီချိုက အခွန်ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ခြင်း ဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အခွန်ဆိုင်ရာနှင့်ပတ်သက်၍ သိရှိလိုသည်များကို လုပ်ငန်းရှင်အခွန်ထမ်းပြည်သူများက မေးမြန်းကြရာ မြို့နယ်အခွန်ဦးစီးဌာနမှူးက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**





## မြိတ်မြို့၌ နိုင်ငံသားစိစစ်ရေးကတ်များဆောင်ရွက်ပေး

မြိတ် ဇူလိုင် ၁၄

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် UID ကတ်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြိတ်မြို့နယ်ဦးစီးမှူးရုံးဝန်ထမ်းများက ဇူလိုင် ၁၃ ရက် နံနက်ပိုင်းက အထက(၉)၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ကျောင်းသား ကျောင်းသူများအား အသက် ၁၀ နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးခြင်း၊ ဇီဝဆိုင်ရာအချက်အလက် ကောက်ယူခြင်းလုပ်ငန်းများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ထွန်းလင်းနှင့် ဝန်ထမ်းများက ဆောင်ရွက်ပေးနေမှုကို မြိတ်ခရိုင်ဦးစီးမှူး ဦးအောင်မြင့်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

## မင်းဘူး(စကု)မြို့နယ်၌ မျိုးနှင့် သွင်းအားစုများပေးအပ်

မင်းဘူး ဇူလိုင် ၁၄

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ သမဝါယမအသင်းသားတောင်သူများ သီးနှံစိုက်ပျိုးချိန် အထောက်အကူပြုစေရန်အတွက် မျိုးနှင့်သွင်းအားစုများ ပေးအပ်ခြင်းကို ဇူလိုင် ၁၂ ရက်က ရွာပုလဲ ကျေးရွာအုပ်စု မကျီးပင်ကျေးရွာရှိ ရွာလယ်ဓမ္မာရုံ၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဇင်မေလတ်က ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် လူမှုစီးပွားမြှင့်တင်ရေး(သက်တံ့ရောင်)စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေဖြင့် မျိုးနှင့်သွင်းအားစုများ ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက အသင်းသားတောင်သူပေါင်း ၂၂ ဦးအား ဝါသီးနှံစိုက်ဧက ၅၅ ဧကစာအတွက် စုစုပေါင်းငွေကျပ် ၁၂၉၈၀၀၀၀ နှင့် ညီမျှသော မျိုးနှင့်သွင်းအားစုများကို တောင်သူလက်ဝယ်သို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**



## မြတ်ပန်းရောငွေစုငွေချေးသမဝါယမအသင်း၏ နှစ်ပတ်လည် အစည်းအဝေးကျင်းပ

ရေကြည် ဇူလိုင် ၁၄

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် မြတ်ပန်းရောငွေစုငွေချေးသမဝါယမအသင်း၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲကို ဇူလိုင် ၁၂ ရက်က တေဇာသီရိခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိနှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကေသွယ်ဝင်းတို့က အမှာစကားပြောကြားပြီး ဒါရိုက်တာအဖွဲ့လုပ်ငန်းအစီရင်ခံစာ၊ အသင်းစာရင်းစစ်အစီရင်ခံစာ၊ ဘဏ္ဍာရေးနှစ် ရှင်းတမ်းတို့အား တာဝန်ရှိသူများက ရှင်းလင်းဖတ်ကြားကာ အသင်းဝင်ကိုယ်စားလှယ်များ၏ အတည်ပြုချက်များကို ရယူကြသည်။

၂၀၂၅–၂၀၂၆ဘဏ္ဍာနှစ်တွင် အသင်းသားများ ထည့်ဝင်ထားသော အကျိုးခံစားခွင့်တန်ဖိုး ငွေကျပ် ၁၁၇၅ သိန်း ထုတ်ပေးနိုင်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ငါးမျိုးစိုက်ထည့်ပွဲ တက်ရောက်

မကွေး ဇူလိုင် ၁၄

မကွေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ငါးမျိုးစိုက်ထည့်ပွဲကို ယနေ့နံနက်ပိုင်းတွင် မကွေးမြို့ ကမ်းနားလမ်း နန်းထိုက်သူဟိုတယ်အနီး ဧရာဝတီမြစ်ကမ်းစပ်၌ ကျင်းပသည်။

**စိုက်ထည့်ပေး**

ငါးမျိုးစိုက်ထည့်ပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကို၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ဧရာဝတီမြစ်အတွင်း ငါးမျိုးကောင်ရေ လေးသိန်းကို စိုက်ထည့်ပေးကြသည်။

မကွေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန အနေဖြင့် ယခုနှစ်တွင် တိုင်းဒေသကြီးအတွင်း ငါးမျိုးကောင်ရေ ၁၁ သိန်းကျော် စိုက်ထည့်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**






# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၁၄**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ တတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အထက(ရဲမွန်)၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့် ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများက စုပေါင်းသစ်ပင် စိုက်ပျိုးကြသည်။

**တွေ့ဆုံဆွေးနွေး**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေး အထူးဇုန်၏ ဖွံ့ဖြိုးတိုးတက်နေမှု အခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး အထူးဇုန်ခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဇုန်တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁)၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ကရာတေးပြိုင်ပွဲ ဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ ဘင်ခရာအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# နွားထိုးကြီးမြို့၌ ကျောင်းပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**နွားထိုးကြီး ဇူလိုင် ၁၄**

နွားထိုးကြီးမြို့ မြို့နယ်သစ်တော ဦးစီးဌာနနှင့် အခြေခံပညာဦးစီး ဌာနတို့ပူးပေါင်း၍ တမာ၊ ယင်းမာနှင့် ကုက္ကို စုစုပေါင်း ၁၀၀ ကျော်ကို ယနေ့နံနက်ပိုင်းတွင် အထက(နွားထိုးကြီး)၌ ကျောင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး စုပေါင်းသစ်ပင် စိုက်ပျိုးပွဲကျင်းပသည်။



စုပေါင်းသစ်ပင် စိုက်ပျိုးပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်နိုင်ဦး၊ အတွင်းရေးမှူး ရဲမှူး မိုးဇော်ထွန်း၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက တပျော်တပါး စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **တင့်လွင်ဦး(ပြန်/ဆက်)**

# ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှု နည်းပညာပေးသင်တန်းဖွင့်

**ကျောက်ဆည် ဇူလိုင် ၁၄**

မန္တလေးတိုင်း ဒေသကြီး ဝါသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(လွန်ကျော်)၌ ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှု အထွက်နှုန်းကောင်းမွန်ရေး၊ ပိုးမွှားရောဂါကာကွယ် နှိမ်နင်းရေးနှင့် မျိုးကောင်းမျိုးသန့် မျိုးစေ့အဆင့်ဆင့် စိုက်ပျိုးထုတ်လုပ်ခြင်း နည်းပညာပေး သင်တန်းဖွင့်လှစ်ခဲ့ပြီး ဇူလိုင် ၁၁ ရက် နံနက်ပိုင်းတွင် ဆုရရှိသူများအား ဆုများချီးမြှင့်သည်။

သင်တန်း၌ မန္တလေးတိုင်း ဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးဝင်းထိန်က အမှာစကား ပြောကြားသည်။

ထို့နောက် သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

အဆိုပါသင်တန်း၌ ဝါသီးနှံနှင့်ပတ်သက်၍ ပန်းတိုင်အထွက်နှုန်း ပိဿာ ၇၀၀ ရရှိရေး စိုက်ပျိုးနည်းစနစ်များ၊ အရည်အသွေးကောင်း ဝါမျိုးစေ့ ထုတ်လုပ်ပုံအဆင့်ဆင့်၊ ပိုးမွှားနှင့်ကာကွယ်နှိမ်နင်းနည်းများ၊ ဝါအပင်အတွက် အရေးကြီးသော အာဟာရဓာတ်များနှင့် တစ်ပြိုင်နက်တည်း ဝါကောက်သိမ်းနိုင်မည့် နည်းစနည်းများ၊ ဝါသီးနှံဆိုင်ရာ သုတေသနစမ်းသပ်ချက်ရလဒ်များ စသည်တို့ကို စာတွေ့ဆွေးနွေးပို့ချပြီး၊ ဝါစိုက်ခင်းများ၌ ဝါသီးနှံမျိုးကွဲ နုတ်ပယ်ခြင်း၊ ပိုးမွှားမှတ်တမ်းကောက်ယူခြင်း၊ ဝါအထွက်နှုန်း ခန့်မှန်းတိုင်းတာခြင်း၊ မျိုးကူးစပ်ခြင်းများနှင့် သီးလုံးဖောက်ပိုးဒဏ်ခံနိုင်ရည်ရှိသော မျိုးရိုးဗီဇ Bt gene ပါဝင်မှု ရှိ/မရှိ စစ်ဆေးခြင်းတို့ကို လက်တွေ့သင်ကြားခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**




**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ**

## အသိပေးနှိုးဆော်ချက်

၁။ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် (၇၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် ၀၄:၀၀ အချိန်မှ အခမ်းအနားပြီးစီးချိန်အထိ အနောက်ရွှေဂုံတိုင်လမ်းအား ရေတာရှည်လမ်းဟောင်းမှလည်းကောင်း၊ ရွှေဂုံလမ်းအား ဓမ္မစေတီ - ရွှေဂုံလမ်းဆုံမှလည်းကောင်း၊ အာဇာနည်လမ်းအား အနောက်ရွှေဂုံတိုင်လမ်းမှ ဦးထောင်ဘိုလမ်းအထိလည်းကောင်း၊ ဦးဝိစာရလမ်းအား ဦးဝိစာရအဝိုင်းမှ ဦးဝိစာရ - ဓမ္မစေတီလမ်းဆုံထိလည်းကောင်း လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားပါမည်။

၂။ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် ဖွင့်လှစ်ပြသမည့် ၁၉-၇-၂၀၂၆ ရက်နေ့ ၀၅:၀၀ အချိန်မှ ၁၈:၀၀ အချိန်အထိ နတ်မောက်လမ်းအား ဝင်္ကဘာလမ်းဆုံမှ ဖိုးစိန်လမ်းဆုံထိလည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းအား ငါးထပ်ကြီးဘုရားလမ်းဆုံနှင့် စောမဟာလမ်းဆုံမှ လည်းကောင်း၊ ဗိုလ်ချိုလမ်းအား ရွှေကြက်ယက်လမ်းဆုံမှလည်းကောင်း လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားပါမည်။

၃။ အတွင်းဝန်ရုံးတွင် အလံတင်အခမ်းအနားကျင်းပမည့် ၁၉-၇-၂၀၂၆ ရက်နေ့ ၀၅:၀၀ အချိန်မှ ၁၈:၀၀ အချိန်အထိ သိမ်ဖြူလမ်းအား ဗိုလ်ချုပ်လမ်းဆုံမှ ကုန်သည်လမ်းဆုံထိလည်းကောင်း၊ အနော်ရထာလမ်းအား ဗိုလ်မြတ်ထွန်းလမ်းဆုံမှလည်းကောင်း၊ မဟာဗန္ဓုလလမ်းအား ပန်းဆိုးတန်းလမ်းဆုံမှလည်းကောင်း၊ ဗိုလ်အောင်ကျော်လမ်းအား ကုန်သည်လမ်းဆုံမှလည်းကောင်း လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားပါမည်။

၄။ သို့ဖြစ်ပါ၍ ယာဉ်မောင်းသူပြည်သူများအနေဖြင့် အခမ်းအနားကျင်းပစဉ် လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်နေသည့်အချိန်များတွင် အခြားသင့်လျော်သောလမ်းများမှ မောင်းနှင်သွားလာကြပါရန် ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

# ကျိုက်မရောမြို့နယ်၌ သိန်းတစ်ရာငွေစုငွေချေး သမဝါယမအသင်း၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် ဆုပေးပွဲကျင်းပ

**ကျိုက်မရော ဇူလိုင် ၁၄**

ကျိုက်မရောမြို့နယ် သိန်းတစ်ရာငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇူလိုင် ၁၂ ရက် နံနက်ပိုင်းတွင် မြို့နယ်သမဝါယမဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကေသီခိုင်က အမှာစကားပြောကြားပြီး သိန်းတစ်ရာငွေစုငွေချေး သမဝါယမအသင်း၏ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာဖတ်ကြားခြင်း၊ ဘဏ္ဍာနှစ်ရှင်းတမ်းများ ဖတ်ကြားခြင်း၊ အသင်း၏စာရင်းစစ်အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းနှင့် အသင်းသားများ၏ အစုပေါ်အမြတ်များ ထုတ်ပေးခဲ့ပြီး ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် အသင်းသားများ၏ သားသမီးများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပုသိမ်မြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက် ပြင်ဆင်ထိန်းသိမ်းခြင်း ဆင့်ပွားသင်တန်းဖွင့်



ပုသိမ် ဇူလိုင် ၁၄

မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ပြင်ဆင်ထိန်းသိမ်းခြင်း ဆင့်ပွားသင်တန်းကို ယမန်နေ့နံနက် ၉ နာရီက ဧရာဝတီတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ကျင်းပသည်။

ဦးစွာပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် (ဧရာဝတီတိုင်းဒေသကြီး တာဝန်ခံ) ဦးကိုကိုလွင်က ကော်မရှင်အဖွဲ့ခွဲရုံးအသီးသီးရှိ ဝန်ထမ်းများအား အီလက်ထရောနစ် မဲပေးစက်နှင့် စပ်လျဉ်း၍ ကျွမ်းကျင်မှုရှိစေရန်၊ မဲပေးစက် စစ်ဆေးပြုပြင်ထိန်းသိမ်းမှုများကို ကိုယ်တိုင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားနိုင်ရန်နှင့် သက်ဆိုင်ရာ မြို့နယ်များအလိုက် ကျွမ်းကျင်သော ဝန်ထမ်းများ ရရှိစေရန် အတွက် ရည်ရွယ်၍ ဆင့်ပွားသင်တန်းများ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီးအဆင့် မြန်မာအီလက်ထရောနစ် မဲပေးစက် ကြီးကြပ်မှုအဖွဲ့ ခေါင်းဆောင် ဧရာဝတီတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက မြန်မာအီလက်ထရောနစ်မဲပေးစက် ၈၀၀၄ လုံး ထိန်းသိမ်းထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်သည် တာဝန်ရှိသူများနှင့်အတူ မြန်မာအီလက်ထရောနစ်မဲပေးစက် ထိန်းသိမ်းထားရှိသည့်နေရာများနှင့် ဘက်ထရီများထားရှိသည့် နေရာများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## အစိုးရနည်းပညာအထက်တန်းကျောင်း(မိတ္ထီလာ)၌ ဆဋ္ဌမအကြိမ် အောင်လက်မှတ်ပေးအပ်ပွဲကျင်းပ



**မိတ္ထီလာ ဇူလိုင် ၁၄**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန နည်းပညာ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန အစိုးရနည်းပညာ အထက်တန်းကျောင်း(မိတ္ထီလာ)၌ ဆဋ္ဌမအကြိမ် အောင်လက်မှတ် ပေးအပ်ပွဲကို ဇူလိုင် ၁၂ ရက် နံနက်ပိုင်းက အဆိုပါကျောင်းတွင် ကျင်းပသည်။

ဦးစွာ အစိုးရနည်းပညာအထက်တန်း(မိတ္ထီလာ)မှ ကျောင်းအုပ်ကြီး ဦးစိန်ကျော်လှိုင်က ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ကျောင်းသား ကျောင်းသူများအား အစိုးရနည်းပညာ အထက်တန်းကျောင်း အောင်လက်မှတ်များ အတွက် ကောင်းစွာအောင်မြင်ပေါက်မြောက်ခဲ့ပြီဟု ကြေညာခဲ့ပြီး အစိုးရနည်းပညာအထက်တန်းကျောင်း အောင်လက်မှတ်ပေးပွဲ အခမ်းအနားမိန့်ခွန်းကို ဖတ်ကြားသည်။ ယင်းနောက် ကျောင်းအုပ်ကြီးက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် အဆောက်အအုံ နည်းပညာသင်တန်း၊ အီလက်ထရောနစ် နည်းပညာသင်တန်း၊ လျှပ်စစ် နည်းပညာသင်တန်း၊ မော်တော်ယာဉ် နည်းပညာသင်တန်း၊ စက်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်ခြင်းနည်းပညာသင်တန်းနှင့်အဆောက်အအုံ ပြုပြင်ထိန်းသိမ်းမှု သင်တန်းတို့မှ အောင်လက်မှတ်များအတွက် ကောင်းစွာအောင်မြင်ပေါက်မြောက်ခဲ့သော ကျောင်းသား ကျောင်းသူများအား အစိုးရနည်းပညာအထက်တန်းကျောင်းအောင်လက်မှတ်များ အပ်နှင်းချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

## သာယာဝတီမြို့နယ် အခြေခံပညာကျောင်းများတွင် နှာနို့တိုက်ကျွေးခြင်းလုပ်ငန်းများ ဆောင်ရွက်

သာယာဝတီ ဇူလိုင် ၁၄

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် နွားနို့တိုက်ကျွေးခြင်းကို နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက် ၉ နာရီက အထက(သဲဖြူ)နှင့် အထက-၂(သာယာဝတီ)တို့ရှိ ကျောင်းသားကျောင်းသူ ၁၂၀၀ အား နွားနို့တိုက်ကျွေးပေးခဲ့ပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာ အေးမင်းဇော်က ကျောင်းသား ကျောင်းသူများအား နွားနို့သောက်သုံးခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများနှင့်ပတ်သက်၍ ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





## ဖျာပုံမြို့၌ စိုက်ပျိုးစရိတ်ချေးငွေပေးအပ်

ဖျာပုံ ဇူလိုင် ၁၄

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်အတွင်း Rice Export Zone ဆောင်ရွက်သည့် ကုမ္ပဏီခြောက်ခုနှင့် Export Zone ဆောင်ရွက်မည့် ၂၃၃၅၂ ဧကတွင် ပါဝင်သော တောင်သူများအား ပထမအကြိမ် စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲကို ဇူလိုင် ၁၂ ရက်က ဖျာပုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ဖျာပုံမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်လုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်လုပ်ငန်းကြီးကြပ်မှုကော်မတီအတွင်းရေးမှူး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဥမ္မာအေးက ချေးငွေများထုတ်ချေးပေးရခြင်းနှင့်ပတ်သက်၍ ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက တောင်သူများအား ပထမအကြိမ်အဖြစ် Export Zone ဖော်ဆောင်မည့် လယ်ဧက ၂၃၃၅၂ ဧကအတွက် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေ တစ်ဧကလျှင် ကျပ်တစ်သိန်းနှုန်းကို စတင်ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## လှည်းကူးမြို့နယ်၌ ရာသီဥတုပြောင်းလဲခြင်းနှင့် သစ်ပင်စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပ

လှည်းကူး ဇူလိုင် ၁၄

လှည်းကူးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ပူးပေါင်း၍ ရာသီဥတုပြောင်းလဲခြင်းနှင့် သစ်ပင်စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးခေါင်းစဉ်ဖြင့် အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အိရွှေစင်လတ်က ရာသီဥတုပြောင်းလဲရသည့် အကြောင်းရင်း၊ သစ်ပင်စိုက်ပျိုးခြင်းက မည်သို့ အကျိုးသက်ရောက်မှုရှိသလဲဆိုသည့် မေးမြန်းချက်များအပေါ် လှည်းကူးမြို့နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးပြည့်စုံကျော်က ရာသီဥတုပြောင်င်းလဲရခြင်း၏ အဓိကပြဿနာများ၊ ဖြေရှင်းရမည့်နည်းလမ်းများ၊ သစ်ပင်စိုက်ပျိုးခြင်းသည် ရာသီဥတုပြောင်းလဲခြင်းကို လျှော့ချရာတွင် အထိရောက်ဆုံးနှင့် သဘာဝဆန်သောနည်းလမ်းများဖြစ်ကြောင်း၊ လူငယ်များအနေဖြင့် ပတ်ဝန်းကျင်လူမှုအသိုင်းအဝိုင်းနှင့် အဖွဲ့အစည်းများတွင် တက်ကြွစွာပါဝင်ပြီး သိရှိထားသည့်ဗဟုသုတများကို ပြန်လည်မျှဝေပေးခြင်းဖြင့် ပိုမိုစိမ်းလန်းသန့်ရှင်းသော ကမ္ဘာကြီးကို တည်ဆောက်ရာတွင် အားတစ်ခုဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။ **အိရွှေစင်လတ်**

## လက်ပံတန်းမြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဖွင့်

လက်ပံတန်း ဇူလိုင် ၁၄

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရန်နှင့် ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်နိုင်ရန်အတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ခေါင်းလျှော်ရည်နှင့် ဆပ်ပြာထုတ်လုပ်နည်းသင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက် ၁၀ နာရီက ချမ်းသာကုန်းကျေးရွာ ဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေမင်းအောင်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကိုမင်းတို့က အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်စိုးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် ခေါင်းလျှော်ရည်နှင့် ဆပ်ပြာထုတ်လုပ်နည်းများကို ဇူလိုင် ၁၃ ရက်မှ ၁၇ ရက်အထိ ငါးရက်တာဖွင့်လှစ်မည်ဖြစ်ပြီး ချမ်းသာကုန်းကျေးရွာအုပ်စုမှ သင်တန်းသူ ၂၀ တက်ရောက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေမင်းအောင်နှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား အထောက်အကူပြုပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## သာကေတမြို့နယ် သဇင်ရောင်းဝယ်ရေးသမဝါယမ အသင်းလီမိတက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးပြုလုပ်

သာကေတ ဇူလိုင် ၁၄

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ၄/မြောက်ရပ်ကွက် သဇင်ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၅/၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲကို ဇူလိုင် ၁၂ ရက် မွန်းလွဲပိုင်းက သဗ္ဗမင်္ဂလသာသနာ့ဗိမာန်၌ ကျင်းပသည်။

ဦးစွာ သဇင်ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌ ဦးခင်ဦးက သဘာပတိအဖြစ်ဆောင်ရွက်ပြီး အမှာစကားပြောကြားကာ သာကေတမြို့နယ် သမဝါယမဦးစီးဌာနဦးစီးအရာရှိ ဒေါ်သီတာဦးက သမဝါယမဆိုင်ရာများ၊ ရှေ့လုပ်ဆောင်ရမည့်လုပ်ငန်းများ အကြောင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် သဇင်ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၅ / ၂၀၂၆ ဘဏ္ဍာနှစ် အမှုဆောင်အဖွဲ့အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များ၊ ဘဏ္ဍာရေးရှင်းတမ်းနှင့် အသင်းသားစာရင်းစစ် အစီရင်ခံစာကို ဖတ်ကြား၍ အတည်ပြုချက်ရယူခဲ့ကြပြီး သာကေတမြို့နယ် သမဝါယမဦးစီးဌာန မြို့နယ်ကော်မရှင်အဖွဲ့ရှေ့မှောက်တွင် အမှုဆောင်အဖွဲ့အသစ်ကိုရွေးချယ်ခဲ့ကြပြီး အမှုဆောင်အဖွဲ့အသစ်က မြို့နယ်ကော်မရှင်ဥက္ကဋ္ဌရှေ့မှောက်တွင် ကတိသစ္စာခံယူခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

### ပြည်သူ့ထံမှပေးစာများ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှ ပေးစာကဏ္ဍသို့ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာအပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှ ပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက် အမှတ် (၇၇)၊ (၅၂) လမ်း(မဟာဗန္ဓုလလမ်းထောင့်)ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့နှင့် themirror.npt@gmail.com သို့ လိပ်မူပေးပို့နိုင်ပါသည်။

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

## ၆၆ ကေဗွီ မြန်အောင်-ဟသ်ာတ အမှတ်(၁) ဓာတ်အားလိုင်း ဓာတ်အားပိတ်၍ ချိတ်ဆက်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်

**နေပြည်တော် ဇူလိုင် ၁၄**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များနှင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ရေးအတွက် မြန်အောင်မြို့နယ် ကညင်ဆည်၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ၁၀ ဒသမ ၅ မဂ္ဂါဝပ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းပြီးစီးပါက ထွက်ရှိမည့်ဓာတ်အားကို အင်္ဂပူမြို့နယ် ၆၆ ကေဗွီ ထူးကြီးဓာတ်အားခွဲရုံသို့ ပို့လွှတ်သွားမည်ဖြစ်သဖြင့် ၎င်းခွဲရုံနှင့်ချိတ်ဆက်မည့် ၆၆ ကေဗွီ မြန်အောင်-ဟသ်ာတ အမှတ်(၁) ဓာတ်အားလိုင်းကို ဇူလိုင်၁၅ ရက်(ဗုဒ္ဓဟူးနေ့)တွင် မွန်းလွဲ ၁ နာရီမှ ၃ နာရီအထိ ၂ နာရီကြာ ဓာတ်အားပိတ်၍ ချိတ်ဆက်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အင်္ဂပူမြို့၊ မဲဇလီကုန်းမြို့နှင့် ထူးကြီးမြို့တို့တွင် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်တောက်မည့်အခြေအနေများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့် စက်ရုံ၊ အလုပ်ရုံများသို့ ကြိုတင်ညှိနှိုင်းအကြောင်းကြားထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

## လျှပ်စစ်ဓာတ်အားသုံးစွဲသူ ပြည်သူများသို့ အသိပေးပန်ကြားခြင်း

**နေပြည်တော် ဇူလိုင် ၁၄**

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် စွမ်းအင်အရင်းအမြစ်မျိုးစုံမှ ဓာတ်အားပိုမိုထုတ်လုပ်နိုင်ရေး ကြိုးပမ်းနေသကဲ့သို့ ပြည်သူများ လျှပ်စစ်ဓာတ်အားကို စနစ်တကျသုံးစွဲလာစေရန် အသိပညာပေးခြင်း၊ တိုက်တွန်းနှိုးဆော်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ ထို့အတူ နည်းပညာကြောင့် ဓာတ်အားပျောက်ဆုံးမှုနှင့် နည်းပညာကြောင့်မဟုတ်သည့် ဓာတ်အားပျောက်ဆုံးမှု(ဓာတ်အားခိုးယူသုံးစွဲမှု)များ လျော့နည်းပပျောက်သွားစေရေးအတွက်လည်း အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် နည်းပညာကြောင့်မဟုတ်သည့် ဓာတ်အားပျောက်ဆုံးမှုများ ပပျောက်စေရေးအတွက် မသမာသောနည်းလမ်းဖြင့် လျှပ်စစ်ဓာတ်အား တရားမဝင်သုံးစွဲမှုများကို အဖွဲ့များဖွဲ့စည်း၍ ဖော်ထုတ်အရေးယူလျက်ရှိပါသည်။

၃။ ထို့အပြင် Smart Meter စနစ်သို့ ကူးပြောင်းနိုင်ရေး တွန်းအားပေးဆောင်ရွက်နေသကဲ့သို့ ပြည်သူများအနေဖြင့် ကိုယ်တိုင်မီတာဖတ်ရှု၍ မီတာခပေးဆောင်နိုင်မည့်အပြင် Control Centre များမှ စောင့်ကြည့်စစ်ဆေးနိုင်သည့် Digital စနစ်တစ်ခု တည်ဆောက်ခြင်းကိုလည်း တစ်ပြိုင်တည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍လျှပ်စစ်ဓာတ်အား သုံးစွဲသူများအနေဖြင့် မသမာသောနည်းလမ်းများကိုအသုံးပြု၍ တရားမဝင်ဓာတ်အားရယူသုံးစွဲမှုများ ပြုလုပ်ထားပါက ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက် နောက်ဆုံးထားပြီး သက်ဆိုင်ရာဌာနများသို့ဆက်သွယ်အသိပေးကြပါရန်နှင့်ယင်းသို့အသိပေးလာပါက ဖြေလျှော့ပေးခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

အဆိုပါကာလကျော်လွန်ပြီးချိန်တွင် တရားမဝင်ဓာတ်အားသုံးစွဲမှုများကို Control Center များမှ စစ်ဆေးတွေ့ရှိပါက ပြဋ္ဌာန်းထားသည့် လျှပ်စစ်ဥပဒေများနှင့်အညီ ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊ မီတာအသုံးပြုခွင့်ကို ကာလအကန့်အသတ်ဖြင့်ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းနှင့် လုပ်ငန်းလိုင်စင်ပိတ်သိမ်းခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အောက်ဖော်ပြပါ Call Center ဖုန်းနံပါတ်များသို့ ဆက်သွယ်သတင်းပို့ကြပါရန် အသိပေးပန်ကြားအပ်ပါသည်။

**ဆက်သွယ်ရန်**

- ❖ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (နေပြည်တော်) - ၀၆၇ - ၃၄၁၀၀၇၂
- ❖ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း (YESC) - ၁၇၁၇
- ❖ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (MESC) - ၁၆၁၆
  ၀၂-၄၀၃၉၃၃၀၊၀၂-၄၀၇၃၆၆၆၊ ၀၂-၄၀၇၂၆၁၈ (Hot Line)
- ❖ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များ - ၀၆၇-၃၄၁၀၄၀၇၊ ၀၉-၆၈၂၂၃၂၆၀၀၊ ၀၉-၆၆၅၄၃၂၅၇၅

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

## ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ၁၂ ထပ်အဆောက်အအုံ တစ်လုံးအား စနစ်တကျထပ်မံဖောက်ခွဲဖျက်ဆီး၊ တရားမဝင်လူနေအဆောက်အအုံ ၇၃ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်

**နေပြည်တော် ဇူလိုင် ၁၄**

အွန်လိုင်း လိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအား အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် ၁၂ ထပ်အဆောက်အအုံတစ်လုံးကို ထပ်မံ၍ စနစ်တကျဖောက်ခွဲဖြိုချဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ဖျက်ဆီးမည့်အဆောက်အအုံ အလုံး ၂၀ ဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ဖောက်ခွဲ၍ဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ အလုံး၂၀ အနက် ၁၂ ထပ် အဆောက်အအုံ တစ်လုံးကို စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များအနေဖြင့် ယနေ့အထိ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင်အဆောက်အအုံ စုစုပေါင်း ၇၃ လုံးအား စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ လေးလုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံအား ဖောက်ခွဲဖျက်ဆီးမှုကို တွေ့ရစဉ်။




ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်ခဲ့သည့် တရားမဝင် ၁၂ ထပ် အဆောက်အအုံကို ဖြိုဖျက်ပြီးတွေ့ရစဉ်။

**○ ဟုမ္မလင်းမှ**

ထိုသို့ ဆောင်ရွက်ရာတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဟိန်းကျော်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ရဲမှူးသန်းဌေးတို့က ဦးဆောင်၍ ခရိုင်/မြို့နယ်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ အဖွဲ့ဝင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှဝန်ထမ်းများ ပူးပေါင်းကာ ဟုမ္မလင်းမြို့၏ ချင်းတွင်းမြစ်အထက်ပိုင်းနှင့် အောက်ပိုင်းရှိ ရပ်ကွက်/ ကျေးရွာများ၊ မြေနိမ့်ပိုင်းတွင် နေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနေထိုင်စေရေး လိုက်လံနှိုးဆော်ခြင်းပြုလုပ်ခဲ့ကြောင်း သိရသည်။ **ဟုမ္မလင်း(ပြန်/ဆက်)**

**❂ တရားမဝင်မှ**

ယင်းပြစ်မှုများကို ကျူးလွန်ခဲ့ကြသည့် မီတာပိုင်ရှင်များနှင့် လုပ်ငန်းရှင်များကိုလည်း လျှပ်စစ်ဥပဒေဖြင့် ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး ပါဝင်ပတ်သက်သည့် တာဝန်ရှိဝန်ထမ်းများကိုလည်း ထိရောက်စွာ အရေးယူဆောင်ရွက်ထားရှိပြီးဖြစ်သည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် Control Center များမှ စောင့်ကြည့်စစ်ဆေး၍ သံသယဖြစ်ဖွယ်တွေ့ရှိသည်နှင့် မြေပြင်သို့ သွားရောက်စစ်ဆေးခြင်း၊ ပြည်သူများ၏ တိကျစွာသတင်းပေးတိုင်ကြားလာမှုများအပေါ် ထိရောက်စွာ စစ်ဆေးအရေးယူဆောင်ရွက်ခြင်းတို့ဖြင့် လျှပ်စစ်ဓာတ်အား လေလွင့်ပျောက်ဆုံးမှုများ ပပျောက်သွားစေရေး ကြိုးပမ်းဆောင်ရွက်နေသည်ဖြစ်ရာ ယင်းသို့ဓာတ်အားခိုးယူသုံးစွဲမှုများ ဖော်ထုတ်လာနိုင်သည်နှင့်အမျှ ပြည်သူများသို့ လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးသွားနိုင်မည်ဖြစ်၍ ပြည်သူများအနေဖြင့် ပိုမို၍ ပူးပေါင်းဆောင်ရွက်ပေးကြရန် အသိပေးထုတ်ပြန်ထားကြောင်း သိရသည်။ **သတင်းစဉ်**

**❖ ရမည်းသင်းမှ**

၃ ဒသမ ၅၁ ဘီလီယံ)နှင့် စိတ်ကြွဆေးပြားများ သယ်ဆောင်ရာတွင်အသုံးပြုသည့် SHAYAN အမျိုးအစားဆိုင်ကယ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ဖော်ထုတ်ချက်အရ ဇူလိုင် ၇ ရက်တွင် သိမ်းဆည်းရမိစိတ်ကြွဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူများဖြစ်သည့် ရမည်းသင်းမြို့ သီလဝ(၃)ရပ်ကွက်နေ မောင်သိန်း(ခ)ချစ်တီး(၄၅)နှစ်အား ရမည်းသင်းမြို့ အောင်မင်္ဂလာရပ်ကွက်၌လည်းကောင်း၊ ဇင်မျိုးအောင်(ခ)ဖိုးလ(၂၇)နှစ်အား ရမည်းသင်းမြို့နယ် သဲချောင်းကျေးရွာရှိနေအိမ်၌ စိတ်ကြွဆေးပြားများသယ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် NISSAN TERRANO အမျိုးအစား မော်တော်ယာဉ်တစ်စီးနှင့်လည်းကောင်း ဆက်လက်ဖမ်းဆီးရမိခဲ့သည်။

အလားတူ ဇူလိုင် ၇ ရက် ည ၇ နာရီခွဲတွင် ပျော်ဘွယ်မြို့ ပြည်သာယာရပ်ကွက်ရှိ ဟိုတယ်အနီးတွင် ရမည်းသင်းမြို့နယ် သဲချောင်းရွာနေ ဇင်ထက်အောင်(၃၅)နှစ်နှင့် စိုင်းထက်သွေး(၂၁)နှစ်တို့ နှစ်ဦးအား ဘိန်းဖြူ ၈ ဒသမ ၁၄ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ် ၂၀၃၅ သိန်း)နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ချစ်မိုးဆန်း၊ မောင်သိန်း(ခ)ချစ်တီးနှင့် ဇင်မျိုးအောင်(ခ)ဖိုးလတို့အားလည်းကောင်း၊ ဇင်ထက်အောင်နှင့် စိုင်းထက်သွေးတို့အားလည်းကောင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိကြောင်း သိရသည်။ **သတင်းစဉ်**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံကျေးရွာ ဂျာနယ် ထွက်ရှိ



၁၅-၇-၂၀၂၆ ရက်နေ့ထုတ် အတွဲ (၂၃)၊ အမှတ် (၁၄) တွင်
- သရက်နှင့် နာနတ် ပေါင်းစပ်ခြင်းမှသည် တန်ဖိုးမြင့်ထုတ်ကုန်ဆီသို့
- ကင်ဆာရောဂါကုသဆေးအပါအဝင် ဆေးဝါးအမယ်သစ်ခြောက်မျိုး စမ်းသပ်ထုတ်လုပ်မည်
- အာလူးကြော်စားခြင်းက ဆီးချိုရောဂါ ဖြစ်နိုင်ခြေ မြင့်တက်နိုင်
- ငှက်ပျောတန်ဖိုးမြင့် လူသုံးကုန်ပစ္စည်းများကို ပြည်ပသို့ တင်ပို့နိုင်ရေး ကြိုးပမ်း
- မသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကျောင်း အတတ်ပညာသင်တန်း ငါးမျိုး ဖွင့်လှစ်မည်
- မြန်မာ့ထမနဲကို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း ထည့်သွင်းရန် ယူနက်စကိုသို့ တင်ပြသွားမည်
- ဗီယက်နမ်တွင် လူမှုကွန်ရက်ပေါ် သတင်းတု၊ သတင်းမှားဖြန့်ဝေသူများကို ဒဏ်ငွေရိုက် အရေးယူမည်
- အာဖရိကဒေသဆိုင်ရာ အီဘိုလာရောဂါတိုက်ဖျက်ရေး အဖွဲ့အစည်းတစ်ရပ် တည်ထောင် စသည်တို့အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။

တစ်စောင် (၅၀၀) ကျပ်
အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။
DKY Journal

# (၁၄-၇-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၈ ~ ၃၆၆၉ | ၅၅၇ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၄,၄၈၆,၈၁၀.၃၄ | ၁,၅၈၉,၆၈၇.၂၀ | ၈၉,၅၂၅,၆၉၇.၅၀ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်း၊ ဆက်သွယ်ရေး လုပ်ငန်းသုံးပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဂျုံ၊ ကြက်ပေါက်နှင့်အစာ၊ ဓာတ်မြေသြဇာ တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ အမေရိကန်ဒေါ်လာ ၁,၂၈၇.၀၀ အား CMP ကုမ္ပဏီသို့ ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

# မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းက ရောင်းချခွင့်ပေးထားသည့် စားအုန်းဆီများအား အမှန်တကယ်သုံးစွဲမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေး

ပဲခူး ဇူလိုင် ၁၄

ပဲခူးတိုင်းဒေသကြီး ဘုရားကြီးမြို့နယ် အတွင်းရှိ အကြော်မျိုးစုံ ဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းများအား မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ ရောင်းချခွင့်ပေးထားသည့် စက်မှုလုပ်ငန်းသုံးဆီများ အမှန်တကယ်သုံးစွဲခြင်း ရှိ၊ မရှိကို ယနေ့နံနက်ပိုင်းက ဘုရားကြီးမြို့ အမှတ်(၃) ရပ်ကွက်နှင့် ပေါက်တော ကျေးရွာတို့ရှိ အကြော်စုံအမျိုးမျိုး ဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းခွင်များ၌ ကြည့်ရှုစစ်ဆေးသည်။



ဘုရားကြီးမြို့နယ်ရှိ အကြော်မျိုးစုံ ဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းများအား ပဲခူးတိုင်းဒေသကြီး စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဇော်ဝင်း၊ ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဦးစီးမှူး ဦးမြင့်အောင်နှင့် တာဝန်ရှိသူများ၊ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌတို့ ပူးပေါင်း၍ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းမှ ရောင်းချခွင့် ပေးထားသည့် စားအုန်းဆီများအား အမှန်တကယ် သုံးစွဲ၍ ကြော်လှော်ထားသည့် အကြော်မျိုးစုံ၊ မုန့်မျိုးစုံအား ထုပ်ပိုးနေမှုများ၊ ဖြန့်ဖြူး ရောင်းချပေးနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

■



# သဃ်န်းကျွန်းမြို့နယ်၌ မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေး

ရန်ကုန် ဇူလိုင် ၁၄

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက်ရှိ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အလက(၁) တွင် မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက ပြုလုပ်သည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်က မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များဖြစ်ပွားလာပါက ဆောင်ရန် ရှောင်ရန် အချက်များကို အသိပညာပေးဆွေးနွေးခဲ့ပြီး ဒုတိယမီးသတ်ဦးစီးမှူး ဦးဝေဖြိုးခိုင်က မီးငြှိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းကိရိယာများအကြောင်းကိုရှင်းလင်းပြသကာ Life jacket ဝတ်ဆင်အသုံးပြုနည်းနှင့် မီးသတ်ဆေးဘူးဖြင့် လက်တွေ့ မီးငြှိမ်းသတ်သရုပ်ပြသခြင်းများကို ဆောင်ရွက်ခဲ့သည်။

ခရိုင်(ပြန်/ဆက်)

# ပေါင်မြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်

ပေါင် ဇူလိုင် ၁၄

မွန်ပြည်နယ် ပေါင်မြို့နယ်ရှိ ရပ်ကွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း(TOT)ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝါရီရှူခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မွန်ပြည်နယ် ဥပဒေချုပ် ဒေါ်မိသန္တာမြင့်က အမှာစကားပြောကြားပြီး သထုံခရိုင် ဥပဒေအရာရှိ ဦးကျော်နန္ဒက သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို သထုံခရိုင် ဥပဒေရုံးနှင့် မြို့နယ်ဥပဒေရုံးတို့မှ သင်တန်းနည်းပြ လေးဦးတို့က ဥပဒေဆိုင်ရာဘာသာရပ်များကို သင်တန်းသား ၅၅ ဦးတို့အား ဇူလိုင် ၁၃ ရက်မှ ၁၆ ရက်အထိ ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ မွန်မလေး(ပြန်/ဆက်)

# ကျောက်ပျော်မြို့နယ်၌ မှုခင်းကျဆင်းရေးအသိပညာပေး

ကျောက်ပျော် ဇူလိုင် ၁၄

ရေဝတီတိုင်းဒေသကြီး ကျောက်ပျော်မြို့နယ် တောက်တဲ့ရိုးကျေးရွာ ခရစ်ယာန်ဘုရားကျောင်းခန်းမ၌ ဇူလိုင် ၁၃ ရက် မွန်းလွဲပိုင်းက ပြည်သူအခြေပြု ရဲလုပ်ငန်းစဉ်ဖြစ်သော ရပ်ရွာတည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ကျင်းပသည်။

ဦးစွာ ကျောက်ပျော်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ခင်မောင်လွင်က ပြည်သူများ သိသင့်သိထိုက်သည့် ဥပဒေ/နည်းဥပဒေများကို ဆွေးနွေးဟောပြောပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချိုနိုင်ဝင်းက မှုခင်းကျဆင်းရေးနှင့် ကြိုတင်ကာကွယ်ရေးကိစ္စများ ယာဉ်စည်းကမ်း/လမ်းစည်းကမ်းများကို ဆွေးနွေးဟောပြောသည်။



ထို့နောက် ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းမင်းနိုင်က ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ဒုမြို့နယ်ဥပဒေအရာရှိ ဦးတေဇာအောင်က ကလေးသူငယ်အခွင့်ရေးဥပဒေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက မှုခင်းကျဆင်းရေး သိပညာပေး လက်ကမ်းစာစောင် ၃၅၀ ကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။

နေဝင်းမြင့်(ပြန်/ဆက်)

# မြစ်ကြီးနားမြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြော

မြစ်ကြီးနား ဇူလိုင် ၁၄

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ယမန်နေ့နံနက်ပိုင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ အမှတ်(၁၅) ယာဉ်ထိန်းရဲ ဒုတိယတပ်ဖွဲ့ခွဲ(ကချင်) ဒုတိယတပ်ဖွဲ့ခွဲမှူး ရဲမှူးမင်းရန်ထွန်းနှင့် တာဝန်ရှိသူများက ယာဉ်များမောင်းနှင်အသုံးပြုရာတွင် သတိပြုလိုက်နာရမည့် စည်းကမ်းများ၊ လမ်းအသုံးပြုခြင်းနှင့် ပတ်သက်၍ လိုက်နာရမည့် စည်းကမ်းချက်များ၊ ဆိုင်ကယ်စီးနင်းရာတွင် အရည်အသွေးပြည့်မီသော ဆိုင်ကယ်စီးဦးထုပ် ဝတ်ဆင်မောင်းနှင်စေရေးတို့နှင့်စပ်လျဉ်း၍ ဆောင်ရန်/ ရှောင်ရန် အချက်များကို အသိပညာပေးချပြရှင်းလင်းဆွေးနွေးပြီး ပညာပေး လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# အလုံမြို့နယ်၌ လျှပ်စစ်အန္တရာယ် အသိပညာပေး



အလုံ ဇူလိုင် ၁၄

အလုံမြို့နယ် စောရန်ပိုင်(တောင်)ရပ်ကွက် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း အနန္တပညာခန်းမ၌ ယနေ့တွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးရဲကိုကိုနှင့် အဖွဲ့ဝင် ဦးအောင်စိုးတို့က အမှာစကားပြောကြားကြသည်။

ဆက်လက်ပြီး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဖြိုးကျော်က လျှပ်စစ်အန္တရာယ်အကြောင်း သိကောင်းစရာများကို ဟောပြောပြီး လက်ကမ်းစာစောင်များ ဝေငှခဲ့ကြသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

## တိုင်းရင်းသားမျိုးနွယ်စုပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အသင်းများအတွက် အားကစားဝတ်စုံများနှင့် ချီးမြှင့်ငွေများ ပေးအပ်

မြစ်ကြီးနား ဇူလိုင် ၁၄

ကချင်ပြည်နယ်အစိုးရအဖွဲ့က မြစ်ကြီးနားမြို့၌ ကျင်းပမည့် ၂၀၂၆ ခုနှစ် တိုင်းရင်းသားမျိုးနွယ်စုပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အသင်းများအတွက် အားကစားဝတ်စုံများနှင့် ချီးမြှင့်ငွေများ ပေးအပ်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ပြည်သူ့အားကစားကွင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။




ပေးအပ်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးများနှင့်အတူ ဘောလုံးပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကချင်မျိုးနွယ်စု ခြောက်မျိုး၊ ရှမ်းမျိုးနွယ်စု ငါးမျိုး၊ ဗမာ၊ ရခိုင်၊ ကရင်၊ ချင်း၊ နာဂတိုင်းရင်းသား မျိုးနွယ်စု ၁၆ မျိုးမှ ပြိုင်ပွဲဝင်ဘောလုံးအသင်း ၁၆ သင်းအတွက် ပြိုင်ပွဲဝင်အသင်းဝတ်စုံများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် မြစ်ကြီးနားမြို့နယ်စည်ပင်သာယာအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရေစင်ကွင်းဈေးအား မြို့တော်အင်္ဂါရပ်နှင့်အညီ အဆင့်မြှင့်တင်နိုင်ရေးအတွက် ရှင်းလင်းတင်ပြခြင်း အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး ရေစင်ကွင်းဈေးအတွင်း ကွင်းဆင်းစစ်ဆေးကာ ဈေးရောင်း/ဈေးဝယ်များအား ရောင်းဝယ်ဖောက်ကားမှု အခြေအနေနှင့် ဈေးအဆင့်မြှင့်တင်ပေးမည့်အပေါ် ဈေးသူ ဈေးသားများ၏ သဘောတူညီမှုကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



## ရန်ကုန်တိုင်းဒေသကြီး ရိုးရာလက်ဝှေ့ကလပ်များနှင့် လက်ဝှေ့အဖွဲ့ချုပ် လှျပ်စစ်မီးများအတွက် အလှူငွေများ ပေးအပ်

ရန်ကုန် ဇူလိုင် ၁၄

အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်၏ ရန်ကုန်တိုင်းဒေသကြီး ရိုးရာလက်ဝှေ့ကလပ်များနှင့် လက်ဝှေ့အဖွဲ့ချုပ် လှျပ်စစ်မီးများအတွက် အလှူငွေပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလက်ဝှေ့ရုံ အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာတင်အောင်လွင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ Nine Lethwei Club (Founder), Lethwei Fighting Championship (Co,Founder) ဦးမင်းဝေဟင်က ရန်ကုန်တိုင်းဒေသကြီး ရိုးရာလက်ဝှေ့ကလပ် ၂၆ ခုအတွက် ကလပ်တစ်ခုလျှင် ငါးသိန်းကျပ်စီ စုစုပေါင်းငွေကျပ်သိန်း ၁၃၀၊ မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်ရှိ လှျပ်စစ်မီးများအတွက် ငွေကျပ် ၁၃၈၆၅၄၀၀ လှူဒါန်းရာ မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် လက်ဝှေ့ကလပ်များမှ တာဝန်ရှိသူများက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**အာကာ**

## မြောင်းမြမြို့၌ အမျိုးသားအလွတ်တန်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပ

မြောင်းမြ ဇူလိုင် ၁၄

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား အမျိုးသားအလွတ်တန်းပိုက်ကျော်ခြင်း ပြိုင်ပွဲ ဖွင့်ပွဲကို ယမန်နေ့က မြို့မအားကစားကွင်း နောင်ရိုးခန်းမ(၂)၌ ကျင်းပသည်။

အခမ်းအနားတွင် မြောင်းမြမြို့နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုကိုက အမှာစကားပြောကြားသည်။

ဆက်လက်၍ စစ်ကြောင်းမှူး၏ ဦးဆောင်မှုဖြင့် အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် လေးချက်ကို ရွတ်ဆိုပြီး ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာသည်။



ယင်းနောက် မရမ်းကုန်းအသင်းနှင့် မုဆိုးကွင်း+ဘုရားငုတ္တိုအသင်းတို့ ယှဉ်ပြိုင်ကြရာ မုဆိုးကွင်း+ဘုရားငုတ္တိုအသင်းက အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**ဇေယျာ(ပြန်/ဆက်)**



## သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်ဖလား အမျိုးသားဘောလုံးပြိုင်ပွဲ စတုတ္ထနှစ် B.D.Sအသင်း တံခွန်စိုက်ဖလား ဆွတ်ခူး

ရန်ကုန် ဇူလိုင် ၁၄

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)ပါမောက္ခချုပ်ဖလား အမျိုးသားဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကို ယမန်နေ့ညနေပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏလေ့ကျင့်ရေးကွင်း(၁) ပြိုင်ပွဲ စက်ဘီးကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)ပါမောက္ခချုပ်ဒေါက်တာကျော်သီဟ၊ ပါမောက္ခများ၊ ဌာနမှူးများနှင့် ဆရာ ဆရာမများ၊ ရုံးဝန်ထမ်းများ တက်ရောက်ကြည့်ရှုကြသည်။

ဗိုလ်လုပွဲတွင် အလုပ်သင်ဆရာဝန်အသင်းက စတုတ္ထနှစ် B.D.S အသင်းကို ပထမပိုင်းတွင် နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိထားသည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး အကြိတ်အနယ်ယှဉ်ပြိုင်ကြရာ စတုတ္ထနှစ် B.D.S အသင်းက အလုပ်သင်ဆရာဝန်အသင်းကို သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ပြိုင်ပွဲအပြီးဆုပေးပွဲကို ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများက နောက်တန်း၊ အလယ်တန်း၊ ရှေ့တန်း၊ ဂိုးသမားအကောင်းဆုံးကစားသမားဆုများနှင့် ဒုတိယဆုရရှိသော အလုပ်သင်ဆရာဝန်အသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က တံခွန်စိုက်ဖလား ရရှိသည့် စတုတ္ထနှစ် B.D.S အသင်းအား ဆုဖလားချီးမြှင့်သည်။ ယင်းပြိုင်ပွဲတွင် အသင်းခြောက်သင်းပါဝင်ပြီး ဇူလိုင် ၆ ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

**ဗလ**

## အင်္ဂပူမြို့နယ်၌ သွင်းအားစုများပေးအပ်

အင်္ဂပူ ဇူလိုင် ၁၄

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ကွင်းကောက်(မြောက်)ကျေးရွာ အောင်လင်းထက်ဆန်စက်တွင် ၂၀၂၆–၂၀၂၇ ခုနှစ် မိုးစပါးရာသီ Rice Export Zone စီမံကိန်းတွင် Exporter ကုမ္ပဏီအဖြစ် ပါဝင်ဆောင်ရွက်မည့် Hsu Yie San Trading Co.,Ltd. က တောင်သူ အစုအဖွဲ့များအား သွင်းအားစုများ ပေးအပ်ပွဲနှင့် သဘောတူ စာချုပ်ချုပ်ဆိုခြင်း



အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့် တိုင်းဒေသကြီး အမတ်(၁)လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဇော်တို့က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇာနီမောင်က Rice Export Zone စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တောင်သူများအား သွင်းအားစုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

## ပေါင်မြို့နယ်၌ ရေကြီးရေလျှံမှုမဖြစ်ပေါ်စေရေး ကွင်းဆင်းစစ်ဆေး

ပေါင် ဇူလိုင် ၁၄

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ရေကြီးရေလျှံမှုမဖြစ်ပေါ်စေရေး ကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးအောင်က မြို့တွင်းလမ်းများ ရေနုတ်မြောင်းများ အမှိုက်များမရှိစေရေး၊ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ထားရှိမှုများကို ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**✻ မြန်မာအမျိုးသမီးမှ**

ဘင်္ဂလားဒေ့ရှ်လက်ရွေးစင် ရီတူနှင့် ပြည်တွင်းလူငယ်ကစားသမားနှစ်ဦးကို အသုံးပြုခဲ့ရသည်။ ဧရာဝတီအသင်းအတွက် ဂိုးများကို ဇီတာရှင်က ၂၃၊ ၄၅+၂ မိနစ်တို့တွင် သွင်းယူပြီး မြဝတီအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၅၅ မိနစ်တွင် ပုံ့ပုံ့ပြည့်မောင်က သွင်းယူသည်။ ယခုပွဲအတွက် အကောင်းဆုံးကစားသမားဆုကို ဧရာဝတီအသင်းအတွက် နှစ်ဂိုးသွင်းယူခဲ့သည့် ဇီတာရှင်က ရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ငါးသိန်း ရရှိခဲ့သည်။

ပဒုမ္မာကွင်း၌ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက ရန်ကုန်စီးတီးအသင်းကို ငါးဂိုးပြတ် အနိုင်ရရှိသည်။ ရှမ်းယူနိုက်တက်အသင်းသည် တတိယမြောက် နိုင်ပွဲရရှိခဲ့ပြီး ရန်ကုန်စီးတီးအသင်းမှာမူ ရာသီအစ ငါးပွဲဆက်တိုက် အရှုံးနှင့်ရင်ဆိုင်ခဲ့ရသည်။ ရှမ်းယူနိုက်တက်အသင်းသည် ပထမပိုင်းပြီးခါနီးမှ ဂိုးစတင်ရရှိသော်လည်း ဒုတိယပိုင်းတွင် ဂိုးများဆက်တိုက်ရရှိသဖြင့် ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၄၃ မိနစ်တွင် ဆောင်းနှင်းဖွေး၊ ၄၈၊ ၅၆၊ ၇၆ မိနစ်တို့တွင် စန္ဒာအောင်က ဟက်ထရစ်၊ ၅၁ မိနစ်တွင် နန်းဖြူဖြူသွယ်က တစ်ဂိုးသွင်းယူသည်။ ယခုပွဲအတွက်အကောင်းဆုံးကစားသမားဆုကို ရှမ်းယူနိုက်တက်အသင်းမှ နန်းဖြူဖြူသွယ်က ရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ငါးသိန်းရရှိခဲ့သည်။

ပွဲစဉ် (၅) နောက်ဆုံးနေ့ကို ဇူလိုင် ၁၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး YUSC ကွင်း၌ ဖွဲ့ကပင်ယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း–ကိုညီလေး**
**ဓာတ်ပုံ–MWL**

■

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄/ကံဘဲ့၊ မြေကွက်အမှတ် (၁၃/ခ-၂)၊ ဧရိယာ(၀.၀၇၆၅)ဧက၊ မြေကွက်တည်နေရာအမှတ်(၇)၊ ဘိုးရာဇာလမ်း၊ (၁၅)ရပ်ကွက်၊ ရန်ကင်းမြို့နယ် (ဒေါ်ခင်ခင်လတ် [၁၂/ဗဟန(နိုင်)၀၇၄၂၂၈]) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမွေထိန်းလက်မှတ်စာထုတ်ပေးရန် ဒေါ်ခင်လေးငယ်မှ လျှောက်ထားမှုအပေါ် စီရင်ချက်ချမှတ်သည့် သဃ်န်းကျွန်းခရိုင်တရားရုံး၊ ၂၀၂၅ ခုနှစ် တရားမအထွေထွေမှုအမှတ်-၇၀၊ စီရင်ချက်၊ တရားမအထွေထွေမှုအမှတ်-၁၂၂/၂၀၂၅ အရ ၃၀၇(၂)အရ ခွင့်ပြုကြောင်းချမှတ်သည့် ၉-၂-၂၀၂၆ ရက်စွဲပါ စီရင်ချက်၊ ဂရန်မူရင်း ပျောက်ဆုံးကြောင်း (၁၅)ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ဂရန်မူရင်းသည် အိမ်ပြောင်း၊ အိမ်ရွှေ့တွင် ပျောက်ဆုံးသွားသည်မှာ မှန်ကန်ပါကြောင်းနှင့် ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း စသည့် အခြားမည်သည့်ပြောင်းလဲမှုကိုမှ ဆောင်ရွက်ထားခြင်းမရှိပါကြောင်း ဒေါ်ခင်လေးငယ်၏ ၂၀-၃-၂၀၂၆ရက်စွဲပါ ကတိသစ္စာပြုလွှာ၊ ရန်ကင်းမြို့မရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အမွေထိန်းလက်မှတ်စာ၊ တရားရုံးအမိန့်များ၊ ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍ ဒေါ်ခင်လေးငယ် [၁၂/ဗဟန(နိုင်)၀၇၄၂၁၉]မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(က.စ)**
**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## "အထွေထွေကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း"

ကျောက်တန်းမြို့၊ အလယ်ပိုင်းကမ်းနားလမ်း၊ အမှတ်(၁၅၁)နေ (ဘ) ဦးမောင်မြိုင်၏ သမီး ဒေါ်ရာမနီ [၁၂/ရကန(နိုင်)၀၆၁၃၀၀]၊ ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ်(၆၆)နေ (ဘ)ဦးမောင်မြိုင်၏ သမီးများဖြစ်သော (၁)ဒေါ်စွန်သရီ [၁၂/ရကန(ပြု)၀၀၀၁၁၈]၊ (၂)ဒေါ်စူဒီကိုဒီသာ (YKN-၀၁၁၆၅) ကိုင်ဆောင်သူတို့၏လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ (၁)ဒေါ်ရာမနီ၊ (၂)ဒေါ်စွန်သရီ၊ (၃)ဒေါ်စူဒီကိုဒီသာတို့မှ ဒေါ်စံပယ်ဖြူ(ခ)မြစံပယ်ဖြူ (ဘ)ဦးခင်ကျော် [၁၂/ကတန(နိုင်)၀၉၀၄၄၉] ကိုင်ဆောင်သူ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ အနောက်ပိုင်းရပ်ကွက်၊ အောင်ပြေငြိမ်းလမ်း၊ အမှတ်(၁၈၉)နေသူအား (၂-၃-၂၀၂၆)ရက်နေ့က ရန်ကုန်မြို့၊ ဦးထွန်းစိန်(Advocate & Notary Public) ထံတွင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-Regd, No: 037/3/2026 ဖြင့် အထွေထွေ ကိုယ်စားလှယ် လွှဲစာအား လွှဲအပ်ခဲ့ပါသည်။ အထက်ပါ အထွေထွေကိုယ်စားလှယ်လွှဲစာနှင့် ပတ်သက်၍ ဆောင်ရွက်ရန် လုပ်ငန်းကိစ္စများမရှိတော့ပါသဖြင့် (၁)ဒေါ်ရာမနီ၊ (၂)ဒေါ်စွန်သရီ၊ (၃)ဒေါ်စူဒီကိုဒီသာတို့မှ ဒေါ်စံပယ်ဖြူ(ခ)ဒေါ်မြစံပယ်ဖြူသို့ လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ် Regd, No: 037/3/2026အား ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(၁)ဒေါ်ရာမနီ၊ (၂)ဒေါ်စွန်သရီ၊ (၃)ဒေါ်စူဒီကိုဒီသာတို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဇော်နိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၉၈၇)**
**အမှတ်(၁၂/ခ)၊ မင်းကျောင်းလမ်း၊ အနောက်ပိုင်းရပ်ကွက်၊ ကျောက်တန်းမြို့။**
**ဖုန်း-၀၉-၂၅၄၁၂၅၄၅၇**

## "ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇) ရပ်ကွက်၊ ကျောင်းကုန်း(၂)လမ်း၊ မြေတိုင်းရပ်ကွက်(၁၆)၊ မြေကွက်အမှတ်(၉၅)၊ တိုက်အမှတ်(၄၃)၊ (၂) ခန်းတွဲ (၆)ထပ်တိုက်၏ စတုတ္ထထပ် (၅-လွှာ/ခေါင်းရင်းခန်း) တိုက်မျက်နှာမူလျှင်(ညာ)ဘက်ခြမ်း၊ အကျယ်အဝန်း(၁၆x၄၈)ပေရှိ တိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာချက်"

အထက်ဖော်ပြပါ လိပ်စာရှိ တိုက်ခန်းသည် မြေရှင် ဦးအောင်သန်း[၁၂/လမန(နိုင်) ၁၃၀၀၂၈]မှ ပိုင်ဆိုင်ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိ ကြောင်း ပိုင်ဆိုင်ခွင့်ရှိသူမှာလည်း မိမိတစ်ဦးတည်းသာဖြစ်ကြောင်း အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း မည်သူ့ကိုမျှ ကြိုတင်လွှဲပြောင်းရောင်းချထားခြင်းတို့မရှိပါကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးအောင်ခိုင်သန်း [၉/မမန(နိုင်)၀၀၈၈၈၈]မှ (၁၃-၇-၂၀၂၆) ရက်စွဲဖြင့် အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ခိုင်သန်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ဝါဝါလွင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၃၈၉)**
**အမှတ်(၄၀)၊ မာလာမြိုင်(၇)လမ်း၊ ၁၆-ရပ်ကွက်၊ လှိုင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၄၅၂၄၂၄၈၂၂**

## "(၈-၇-၂၀၂၆)ရက်စွဲ ကြေးမုံသတင်းစာပါ ဦးညွှန့်ဌေး၊ ဦးတင်ဌေး၊ ဒေါ်မြမြစန်း၊ ဒေါ်စန်းစန်းမော်နှင့်ဦးဝင်းဌေးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဒေါ်နေခြည်စိုးနှင့် အထက်တန်းရှေ့နေ ဦးဇော်ထိန်လင်းတို့၏ အများသိစေရန် ကြေညာချက်အပေါ် ရှင်းလင်းအသိပေးကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေဒေါ်သန်းသန်းထွေး(ဘ)ဦးအောင်ထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ လူကြီးမင်းတို့၏ အများသိစေရန်ကြေညာခြင်းအပေါ် အသိပေးကြေညာအပ်သည်မှာ-

ဦးအောင်ထွန်းနှင့် ဒေါ်သန်းကြည်တို့သည် (၁)ဒေါ်ခင်ရွှေ၊ (၂)ဒေါ်အေးစန်း(ခ)ဒေါ်အေးသန်း၊ (၃)ဒေါ်စန်းနွဲ့ (ကွယ်လွန်)၊ (၄)ဒေါ်သောင်းမြင့်၊ (၅)ဦးခင်မျိုး (ကွယ်လွန်)၊ (၆)ဒေါ်လှလှဝင်း၊ (၇)ဦးအေးကြူ (ကွယ်လွန်)၊ (၈)ဒေါ်သန်းသန်းထွေးနှင့် (၉)ဒေါ်ဌေးဌေးတင်တို့ မောင်နှမ(၉)ဦး မွေးဖွားခဲ့ကြောင်း၊ မိဘများမကွယ်လွန်ခင် လွန်ခဲ့သောနှစ်ပေါင်း(၄၀)ကျော်ကတည်းက ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (င/က)ရပ်ကွက်၊ စံချိန်သစ်လမ်း၊ အမှတ်(၂၅၃)ရှိ (၃၅ ပေx ၇၀ ပေ)ရှိသော အိမ်နှင့်ခြံအား ဒေါ်သန်းသန်းထွေးမှ ဝယ်ယူခဲ့ကြောင်း၊ လူကြီးမင်းတို့(၅)ဦးသည် ဒေါ်အေးစန်း(ခ)ဒေါ်အေးသန်း၏ သားသမီးများဖြစ်၍ မြေးများသာ ဖြစ်ကြောင်း၊ ဦးအောင်ထွန်းနှင့် ဒေါ်သန်းကြည်တို့၏ လက်ထပ်ပွားပစ္စည်း ကြွင်းကျန်ရစ်ခဲ့ခြင်းမရှိကြောင်းနှင့် အထက်ပါအိမ်ခြံမြေသည် အမွေဆိုင်အိမ်ခြံမြေ မဟုတ်၍ ယင်းအိမ်ခြံမြေနှင့်ပတ်သက်၍ လူကြီးမင်းတို့ သဘောတူညီမှုရယူရန် မလိုကြောင်း၊ ဒေါ်သန်းသန်းထွေးပိုင်ဆိုင်သော အိမ်ခြံမြေအား နည်းအမျိုးမျိုးဖြင့် ကျူးကျော်ဝင်ရောက်နှောင့်ယှက် တားမြစ်ခြင်းများပြုလုပ်ပါက ထိရောက်စွာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရလိမ့်မည်ဖြစ်ကြောင်း အသိပေး၍ အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သန်းသန်းထွေး၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ဖြူဝေလွင်(L.L.B,D.I.L,DIPL)** | **ဒေါ်သက်သက်မိုး(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၆၁၀/၂၁)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၂၀၇/၂၃)** |

**အမှတ်(၁၄၈/က)၊ ဘုရင့်နောင်လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၀၃၄၅၈၇၊ ၀၉-၂၅၉၃၁၈၄၁၉၊**
**၀၉-၄၂၇၆၆၈၆၃၃၊ ၀၉-၇၉၃၃၈၈၂၁၀**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး (ရေအရင်းအမြစ်)၊ ပြည်ထောင်စုနယ်မြေရုံးမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် ပြည်ထောင်စုငွေလုံးငွေရင်းလုပ်ငန်းဖြစ်သော လျှပ်စစ်ရေတင်လုပ်ငန်းတွင် ဆိုလာစနစ်တွဲဖက်တပ်ဆင်ခြင်းလုပ်ငန်းတင်ဒါနှင့် နေပြည်တော်ကောင်စီ ငွေလုံးငွေရင်းလုပ်ငန်းအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ဌာနမှသတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ နေပြည်တော်( ထိန်းသိမ်းရေး )ငွေစာရင်းဌာနစိတ် နှင့် ဖုန်း ၀၉-၂၅၁၁၇၈၅၆၆ နှင့် ၀၉-၅၀၉၆၀၀၁ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း၍ ဝယ်ယူနိုင်ပါသည်။

| | | |
|---|---|---|
| (က) | သတင်းစာကြော်ငြာထည့်သွင်းခြင်း | - ( ၁၅-၇-၂၀၂၆ )ရက် |
| ( ခ ) | တင်ဒါအဆိုပြုလွှာစတင် ရောင်းချမည့်ရက်/အချိန် (Profile အထောက်အထားများတင်ပြရမည်) | - (၂၀-၇-၂၀၂၆ )ရက်(ရုံးချိန်အတွင်း) |
| ( ဂ ) | တင်ဒါလျှောက်လွှာ အရောင်းပိတ်မည့်နေ့ | - (၂၄-၇-၂၀၂၆ )ရက် ၊ ညနေ(၄:၃၀)နာရီ |
| (ဃ) | တည်ဆောက်ရေးပစ္စည်း နည်းပညာအဆိုပြုလွှာနှင့် ဈေးနှုန်းအဆိုပြုလွှာစာအိတ်များ ဖွင့်ဖောက်စစ်ဆေးမည့်ရက်နှင့် အချိန် | - ( ၃၀-၇-၂၀၂၆ )ရက် ၊ နံနက်( ၁၀:၀၀ )နာရီ |
| ( င ) | လုပ်ငန်းနည်းပညာ အဆိုပြုလွှာ စာအိတ်(A) ဖွင့်ဖောက်စစ်ဆေးမည့်ရက်နှင့်အချိန် | - (၃၀-၇-၂၀၂၆ )ရက် ၊ နံနက်(၁၀:၀၀)နာရီ |
| ( စ ) | တင်ဒါဖွင့်ဖောက် စစ်ဆေးမည့်နေရာ | - ညွှန်ကြားရေးမှူးရုံး၊ ဘဲကုန်းဆည်မြောင်းဝင်း၊ ဓမ္မာရုံ၊ |

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**နေပြည်တော်**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၂၄/E(၆)၊ အောင်ဇေယျလမ်း၊ မြေကွက်အမှတ်-၃၈၇၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ ဦးမြဝင်း(O/RGN-၀၀၅၅၆၂)အမည်ပေါက်ပါမစ်မြေကွက်ကြီး အနက်မှတရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ်(၃၈၈)နှင့် ကပ်လျက် ဘက်ခြမ်း၊ အကျယ်အဝန်း(၂၀ပေx၆၀ပေ)ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို စာချုပ်အဆက်ဆက်ဖြင့် တရားဝင်လက်ရှိထားဝယ်ယူပိုင်ဆိုင်ပြီးရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသောဦးအောင်ဆန်းဖြိုး[၉/တသန(နိုင်)၂၂၆၉၂၈]နှင့်ဒေါ်အိအိစိုး [၅/ကဘလ(နိုင်)၂၆၇၇၈၉]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေ ပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံတွင်ဤကြော်ငြာပါသည့်နေ့မှစ၍(၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးကျော့ဆွေ (LL.B.)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၇၉၇)**
**အမှတ်(၅၆၅/၅၆၇)၊ အခန်းအမှတ်(၆၀၃)၊ MACTower ကုန်သည်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၉၉၃၄၃၅၃**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၅၈၈-ခ)၊ဦးပိုင်အမှတ်(၇/၂-င)၊ရန်ကုန်-မန္တလေးကားလမ်း အရှေ့ဘက်၊ဖျောက်ဆိပ်ကုန်းရွာဝင်လမ်း မြောက်ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်မျိုးကျော် [၁၂/ အစန(နိုင်) ၀၂၉၀၀၀] ကဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ်(င-၄)၊ ဦးပိုင်အမှတ်(၄၁)၊၆၄လမ်း၊ ၁၀၈x၁၀၉ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ရန်ချွန်ရှန် [၁၃/ သပန(နိုင်)၀၂၃၄၂၉]က အမှုတွဲအမှတ် (၀၉၆၆/၂၀၂၆-၂၀၂၇) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ အကွက်အမှတ်(၇၁၅)၊ ဦးပိုင်အမှတ်(၁၄-င)၊ ၃၀လမ်း၊ ၇၃x၇၄ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သော ဒေါ်ခင်စန်းညွန့်၊ ဦးထွန်းထွန်း၊ ဦးရန်နိုင်ထွန်း၊ ဦးအောင်မြတ်ဖြိုးတို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၈၃၀/၂၀၂၆) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အေးအေးထွန်း [၁/ဗမန(နိုင်)၀၃၆၂၄၆] က (အမှုတွဲအမှတ်(၀၀၄၄/ဘ(ပြောင်း)/၂၀၂၆-၂၀၂၇) ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

**ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းအမှတ်(၄၀)၊ လူနေရပ်ကွက်အမှတ်(ဏ/၁၄) ရပ်ကွက်၊ ပန်းခြံ(၁၇)၊ မိုးကျော်(၁)လမ်း၊ ခြံမြေအမှတ် (၉၉/က)ဟုခေါ်တွင်သော အကျယ်အဝန်း အလျားအနံ(၂၀x၆၀)ပေနှင့် ယင်းခြံမြေပေါ်ရှိ SS တစ်ထပ်တိုက်အိမ်အပါအဝင် ဒေါ်ခင်မူအမည်ပေါက် နှစ်(၆၀)စည်ပင်ဂရန်မူရင်းနှင့် ဆက်စပ်စာချုပ်မူရင်းများ လက်ဝယ်ရှိ၍ ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး အများသိစေရန်ကြေညာခြင်း**

အထက်ဖော်ပြပါ အိမ်ခြံမြေကွက်နှင့်ပတ်သက်ပြီး ခြံမြေအကျယ် အလျားအနံ(၂၀x၆၀)ပေ၏ ခံစားခွင့်အရပ်ရပ်တို့အား အရှုပ်အရှင်းကင်းရှင်းစွာ လက်ဝယ်ပိုင်ဆိုင်ထားရှိသူ ဦးအောင်စန်းလင်း ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ခင်မာစန်း[၁၂/ဒပန(နိုင်)၀၀၅၇၀၇]က စရန်ငွေပေးချေထားပါ၍ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းများယူဆောင်ပြီး ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်ခင်မာစန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မိုးစံပယ်ထွေး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၁၄၈)**
**ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၉၇၄၁၃၃၂၊ ၀၉-၄၂၉၁၃၇၈၄၃**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

**ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းအမှတ်(၄၁)၊ လူနေရပ်ကွက်အမှတ်(တ/၁၅)ရပ်ကွက်၊ ပန်းခြံ(၁၄)၊ ဝေသန္တရာလမ်းမကြီး၊ ခြံမြေအမှတ် (၈၁၈/ခ)ဟုခေါ်တွင်သော အကျယ်အဝန်း အလျားအနံ(၂၀x၆၀)ပေနှင့် ယင်းခြံမြေပေါ်ရှိ အိမ်အဆောက်အဦအပါအဝင် ရေ၊ မီးမီတာ အရပ်ရပ်အား လက်ဝယ်ရှိ၍ ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး အများသိစေရန် ကြေညာခြင်း**

အထက်ဖော်ပြပါ ခြံမြေကွက်နှင့်ပတ်သက်ပြီး ခြံမြေအကျယ် အလျားအနံ(၂၀x၆၀)ပေ၏ ခံစားခွင့်အရပ်ရပ်တို့အား အရှုပ်အရှင်းကင်းရှင်းစွာ ဖခင်ကြီး ဦးမြင့်သောင်း အမည်ပေါက် အိုးအိမ်ပါမစ်မူရင်းကိုင်ဆောင်ထားသူ ဒေါ်စန်းစန်းနွယ်အပါ စုစုပေါင်း မောင်နှမ(၄)ဦးထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ခင်မျိုးသန့်[၁၂/လကန(နိုင်)၂၇၉၅၀၉]က စရန်ငွေပေးချေထားပါ၍ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းများယူဆောင်ပြီး ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်ခင်မျိုးသန့်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မိုးစံပယ်ထွေး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၁၄၈)**
**ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၇၉၉၇၄၁၃၃၂၊ ၀၉-၄၂၉၁၃၇၈၄၃**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ အကွက်အမှတ်(၇၁၅)၊ ဦးပိုင်အမှတ် (၁၅-င)၊ ၃၀လမ်း၊ ၇၃ x ၇၄ လမ်းကြားရှိ ဘိုးဘ မြေကွက်အမည်ပေါက်သော ဒေါ်ခင်စန်းညွန့်၊ ဦးထွန်းထွန်း၊ ဦးရန်နိုင်ထွန်း၊ ဦးအောင်မြတ်ဖြိုးတို့ထံမှ မှတ်ပုံတင် အရောင်းအဝယ် စာချုပ်အမှတ် (၈၃၁/၂၀၂၆) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အေးအေးထွန်း [၁/ဗမန(နိုင်) ၀၃၆၂၄၆] က (အမှုတွဲအမှတ်(၀၀၄၅/ ဘ(ပြောင်း)/ ၂၀၂၆-၂၀၂၇) ဖြင့် ဘိုးဘ၊ အမည် ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ်(င-၄)၊ ဦးပိုင်အမှတ်(၅၇)၊ ၆၄ လမ်း၊ ၁၀၈x ၁၀၉ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ရန်ချွန်ရှန် [၁၃/ သပန(နိုင်) ၀၂၃၄၂၉]က အမှုတွဲအမှတ် (၀၉၆၇/၂၀၂၆-၂၀၂၇) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာ တမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၃-၇-၂၀၂၆ ရက်နေ့ ကြေးမုံသတင်းစာ၏စာမျက်နှာ(၃၀)၊ကန့်ကွက်နိုင်ကြောင်းကြော်ငြာ၊လမ်းမတော်မြို့နယ်၊ဒေါ်ခင်စန်းဝင်း၏ပိုင်ဆိုင်မြေပုံကူးတွင်နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)သက်ကုန်မြေအစား နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေဟု အမှန်ဖတ်ရှုပါရန်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၁၆စီ-၂) မြေကွက်အမှတ်-**(22-Southern 1/4)**၊ မြေအမျိုးအစား-မြေပိုင်မြေ၊ ဧရိယာ(၂၅ပေx၆၀ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ပန်းဘဲတန်းမြို့နယ်၊ (၄)ရပ်ကွက်၊ ရွှေဘုံသာလမ်း(အလယ်)၊တိုက် အမှတ် (၂၃၉/၂၄၁) ဟုခေါ်တွင်သည့် (၈ ၃/၂) ထပ်တိုက် အဆောက်အဦမှ (၉-လွှာ/အပေါ်ဆုံးထပ်)၊ **(Penthouse)** တိုက်ခန်း၏ ရေ၊ မီးအစုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်၊ မြေညီထပ်ရှိ ဧရိယာ(၆ပေx၁၇ပေ)ခန့်ရှိ ရေစက်ခန်းနှင့် တစ်တိုက်လုံး၏တိုက်ခန်းလခ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို **ဦးချမ်းမင်း [၁၂/ပဘတ(နိုင်)၀၃၂၁၇၉]** မှ အမည်ပေါက် ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ **ဦးဌေးလွင် [၁၂/မရက(နိုင်)၁၃၁၁၉၈]**က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ် ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း(မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးထွန်းသူအောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၅၇၆၄)**
**အမှတ်- ၁၁၅၊ ပထမထပ်၊ ၃၃ လမ်း၊ (၁) ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၇၈၀၀၅၄၀၆၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၃၈၊ မြေကွက်အမှတ် - ၄၁၂/ခ ၊ ဧရိယာ (၀.၀၂၇၅) ဧက၊ (၂၀x၆၀) ပေ အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေကွက်၏ အမည်ပေါက်ဖြစ်သူ ဦးထွန်းဝင်း [၁၂/ဗဟန(နိုင်)၀၃၂၀၃၀] မှ လက်ဝယ်ထားပိုင်ဆိုင်ပြီး တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသဖြင့် အမှတ်-၄၁၂/ခ ၊ ကန်ညီနောင်လမ်း ၊ (၃၈) ရပ်ကွက် ၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ဟုခေါ်တွင်သော မြေနှင့်အိမ်အပါအဝင် ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေ ဦးမြတ်ဘုန်းအောင်မြင့် [၁၂/သဃက(နိုင်)၁၇၂၃၈၇]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် (၁၁ - ၇ -၂၀၂၆)ရက်နေ့တွင် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာချုပ်စာတမ်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စရပ်များကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သဲစုဝေမြင့် LL.B, D.B.L, D.I.L,D.M.L,D.I.R,D.I.P.L**
**တရားလွှတ်တော်ရှေ့နေ ( စဉ် - ၈၄၉၉ )**
**L-2၊ R-3၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**
**PH:09-5193578**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၂၀) ရပ်ကွက်၊ ပေါ်တော်မူလမ်း၊ အမှတ်-၈၀၁(ခ)၊ အကျယ်အဝန်း (၂၀ပေx၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်ခွဲ (R.C) အဆောက်အဦတို့ကို လက်ရှိထားရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်စိုးမိုး [၁၄/ငပတ(နိုင်)၂၅၉၂၈၂]ထံမှ ကျွန်ုပ်မိတ်ဆွေ မချစ်စုဝေ [၁၄/ရကန(နိုင်)၂၀၉၂၉၇]က အပြီးအပိုင်ဝယ်ယူလက်ရှိထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်လှဲ့ဝါ(LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၅၈) (၈-၁-၂၀၂၀)**
**အမှတ်(၇၆)အေ၊ အခန်း- ၀၀၂၊ အောင်သုခလမ်း၊ ဆင်မလိုက်၊**
**ကမာရွတ်မြို့နယ်၊ ရန်ကုန်။ 09-428196534**

## စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန
## မြန်မာ့ဆေးဝါးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ဆေးဝါးလုပ်ငန်းကြီးကြပ်မှုအောက်ရှိ ဒိုက်ဦးကော်မှုန့်စက်ရုံ(၁၇၀.၄၈)ဧကနှင့် စိုက်ကွင်း မြေ(၃,၃၉၅.၆၇)ဧကတို့တွင် “ စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်းများ(Agro- based industries) ဆောင်ရွက်ရန်၊ အဓိကအားဖြင့် အချိုမှုန့်(ရသာမှုန့်) ပြန်လည်ထုတ်လုပ်ဆောင်ရွက်ရန်”အတွက် စက်ရုံနှင့် စိုက်ကွင်းမြေများ နှစ်ရှည်ငှားရမ်းရေး တင်ဒါခေါ်ယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

| | |
|---|---|
| တင်ဒါစတင်ရောင်းချမည့် ရက်နှင့်အချိန် | – ၁၃-၇-၂၀၂၆၊ (၉:၃၀)နာရီ |
| တင်ဒါပိတ်မည့် ရက်နှင့်အချိန် | – ၁၃-၈-၂၀၂၆၊ (၁၆:၃၀)နာရီ |
| Website | – www.industrymsme.gov.mm |
| တင်ဒါပေးသွင်းမည့်နေရာ | – ဥက္ကဋ္ဌ၊ တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်။ |

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၆၇-၃၄၀၈၁၄၀ နှင့် ၃၄၀၈၃၇၀ တို့သို့ စုံစမ်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၄/စက်မှုဇုန်(၂)၊ မြေကွက်အမှတ်-၂၉၆၇ မြေနေရာအား အမည်ပေါက် ဦးမိုးလှိုင် [၁၂/ပဘတ(နိုင်)၀၁၉၉၂၄] အမည်ဖြင့်မှ မြေငှားစာချုပ် ဆောင်ရွက်ပေးပါရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထား(မူရင်း)များတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ်(ဂရန်)ထုတ်ပေးရေးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရုံးအမှတ် (၄၀)၊ နေပြည်တော်**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ ခရေလမ်း၊ အမှတ်(၁၀၃၆)ဟုခေါ်တွင်သည့် မြေကွက်ပေါ်ရှိ (၂)ခန်းတွဲ (၆ထပ်) အဆောက်အဦ၏ ခြေရင်းခန်း၊ မြေညီထပ် (အလျား ၁၇ပေxအနံ၅၄ပေ)၊ အကျယ်အဝန်းရှိရေမီးစုံတိုက်ခန်း(၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကိုကန်ထရိုက်တာဖြစ်သူ ဦးလှမြင့်[၁၄/အမန(နိုင်)၁၇၀၀၉၅] (သံလွင်ဆောက်လုပ်ရေး)မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးမိုးဝင်း[၁၂/ရကန(နိုင်)၀၁၇၁၂၀]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း) LL.B** | **ဒေါ်မိုးယုနွယ် LL.B, D.B.L, D.I.L, D.M.L,** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇ )** | **WIPO(Switzerland)** |
| **Ph-09-954280932** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **Ph:09-420080932, 09-983837110** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | |

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ ဦးကြင်ဥ(၂)လမ်း၊ မြေကွက်အမှတ်(၁၀၂၈)ဟုခေါ်တွင်သော (အလျား၄၀ပေxအနံ၆၀ပေ)အကျယ်အဝန်းရှိ ဒေါ်မြသန်း(CG-၀၁၄၄၅၂) အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အမှတ်(၁၀၂၉)နှင့် ကပ်လျက်ဘက်ခြမ်း၊ (အလျား၂၀ပေxအနံ၆၀ပေ)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်အရောင်းအဝယ်ကတိစာချုပ်အဆက်ဆက်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဦးစိုးမြင့်[၁၂/ရကန(နိုင်)၀၁၁၀၁၄]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း) LL.B** | **ဒေါ်မိုးယုနွယ် LL.B, D.B.L, D.I.L, D.M.L,** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇ )** | **WIPO(Switzerland)** |
| **Ph-09-954280932** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **Ph:09-420080932, 09-983837110** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | |

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉)၊ အောင်သစ္စာလမ်း၊ မြေကွက်အမှတ်(၉၂၃)၊ (အလျား ၄၀ပေxအနံ၆၀ပေ) အကျယ်အဝန်းရှိ ဦးမြဝင်း[၁၂/တမန(နိုင်)၀၅၀၀၀၉]အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်အရောင်းအဝယ်ကတိစာချုပ်အဆက်ဆက်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်လဖွမ်လုမိုင် [၁/လဂန(နိုင်)၀၀၄၄၄၃]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှအပြီး အပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း) LL.B** | **ဒေါ်မိုးယုနွယ် LL.B, D.B.L, D.I.L, D.M.L,** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇ )** | **WIPO(Switzerland)** |
| **Ph-09-954280932** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **Ph:09-420080932, 09-983837110** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | |

## အများသိစေရန် အသိပေးကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်၊ ကျွန်းကလေးကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည်- (၉၈၇-ကျောက်အိုင်) အတွင်းရှိ - ဦးစိန်မြင့် [၁၂/စခန(နိုင်)၀၄၄၂၉၉]အမည်ပေါက် ဦးပိုင်အမှတ်/မြေကွက်အမှတ်-ဃ/၅၁/၄၊ ဧရိယာ (၁.၄၄)ဧက + ဦးပိုင်အမှတ်/မြေကွက်အမှတ်-ဃ/၈/၄၊ ဧရိယာ (၄.၄၀)ဧကအနက်မှ ဧရိယာ (၂.၁၆)ဧကခန့် + ဒေါ်စောမြတ်ကလျာ [၁၂/မရက (နိုင်)၁၀၇၆၄၀]အမည်ပေါက်၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်-ဃ/၈/၅၊ ဧရိယာ (၃.၈၅)ဧက၊ စုစုပေါင်းဧရိယာ (၇.၄၅)ဧကခန့်ရှိ လယ်ယာမြေမှတ်ပုံတင်ပုံစံ(၇)ရရှိထားသည့်မြေကွက် (၃)ကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင်များမှ ရောင်းချမည် ဖြစ်ပါ၍ ဖော်ပြပါမြေကွက် (၃)ကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်ပါရန်နှင့် ကန့်ကွက်မည့်သူမရှိပါက ရောင်းချရန်ကိစ္စကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သီတာအုန်း တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၀၇)**
**အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁)ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၆၀၆၀၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၅၀၊ မြဝတီမင်းကြီးလမ်း၊ မြေကွက်အမှတ်-၈၄၉၊ (၄၀'x ၆၀')အကျယ်အဝန်းရှိ ဒေါ်စိန်မေ(CK-၀၀၃၈၅၉)အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် နေအိမ်အား အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်အေးဝင့်သော် [၇/အဖန(နိုင်)၀၀၁၃၁၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေနှင့် အိမ်အရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့် တကွ ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**
**ဦးအောင်မျိုးထက်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၉၁၀)**
**အမှတ်-၆၀၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၄၂၁၀၃၂၉၀၁**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၃၇)၊ ဦးပိုင်အမှတ်(၃၃)၊ ၄၁x၄၂ ကြား၊ ၅၃x၅၄ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နန်းခမ်းနု [၁/မကန(နိုင်)၁၉၃၅၀၀]၏ (SP ရရှိသူ ဦးအောင်ဇော်ထက်)က အမှုတွဲအမှတ် (၀၇၉၈/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

